


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်
# အလှူရေစက်ချအခမ်းအနား
# အထိမ်းအမှတ်

၁–၁–၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# မကြွံကောင်းတာကြွံရင် အပါယ်ရောက်မယ်

## ကိန္နရီ ၊ ကိန္နရာ

(၂၆၈)

ဟောကြားသည့်နေ့

၁၀ – ၁ – ၈၈

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# မကြုံကောင်းတာကြုံရင်အပါယ်ရောက်မယ်

(ကိန္နရီ၊ ကိန္နရာ)

THITSARPARAMI LIBRARY
Date ..........................

ဟောကြားသည့်နေ့
(၁၀-၂-၅၅)

(က)

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက် နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့် တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ် တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . . ?

ပြီးတော့ ဝိဇ္ဇောရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျတော့ မဏ္ဍာပ်တစ်လုံးပဲ၊ မဏ္ဍာပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ဓမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

တရားနာရကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍာပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော်တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော်အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအားထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင်တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍာပ်ကြီး တစ်လုံးထဲက ဆန်ခါတင်လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ်က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွားတာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

(ဃ)

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ် ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကို ဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟာ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာ ဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာကာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ် ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝ ဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္တရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက် နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မဂ်ဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြံခြံ အကျင့်ရှိသူကိုမှ ရွေးပြီး

ကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။
၅။ ဓမ္မပသန္နဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာ ပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ် နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာ

မှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟသ်ာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူ သည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြား ထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ်

ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ်" ဟု ဖြေကြားတော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကားမိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄ ဆရာဦးစောလှိုင်

အတွင်းရေးမှူး

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# "မကြဲကောင်းတာကြဲရင်အပါယ်ရောက်မယ်"

(ကိန္နရီ၊ ကိန္နရာ)

ဟောကြားသည့်နေ့ (၁၀-၂-၅၅)

ဝိတက်ကြောင့် ဒုက္ခဖြစ်ပုံ၊ ဝိတက်ကြောင့် နိဗ္ဗာန်ရောက်ပုံ ဒီနှစ်လုံးကိုဟောလိမ့်မယ် (မှန်လှပါဘုရား)။

ဝိတက်ကြောင့် ဒုက္ခဖြစ်ပုံ၊ ဝိတက်ကြောင့် နိဗ္ဗာန်ရောက်ပုံကို သတိပဋ္ဌာန်ပါဠိတော်မှာ လာနေတဲ့အတွက် ဒကာဒကာမတွေ သိရလိမ့်မယ်။

## ဝိတက်ဆိုတာ ကြံစည်တာ

အဲဒီတော့ ဒီဝိတက်ဆိုတာ ဘာပါလိမ့်မလဲလို့မေးလို့ရှိရင်ဖြင့် ကြံစည်တာလို့ ဒကာ ဒကာမတွေက မှတ်ထားကြပါ။ ကြံစည်တာလို့ မှတ်ထားပါ။ ဘာကြံစည်သလဲဆိုလို့ရှိရင်ဖြင့် ရှေ့ရေးကိုကြံစည်တာ အဲဒီကဲ့သို့ ရှေ့အရေးတွေကို လျှောက်ပြီး ရှေ့ဘယ်လိုနေမယ်၊ ဘယ်လိုထိုင်မယ်၊ ဘယ်လိုသွားမယ်၊ ဘယ်လိုစားမယ်၊ သားတွေ၊ သမီးတွေ ဘယ်လိုနေရာချထားမယ်၊ ဘယ်လိုအလုပ်အကိုင်တွေ စီစဉ်ပေးမယ်လို့ ကြံစည်တာဟူသ၍ကို ဒါဝိတက်လို့မှတ်ကြပါ။ (မှန်လှပါဘုရား)။

အဲ့ဒီဝိတက်က ဘယ်အချိန်မှာ လာတတ်သတုံးလို့ ဒကာ ဒကာမတွေမေးလို့ရှိရင် အိပ်ယာထဲ ခေါင်းအုံးပေါ်ခေါင်းတင်မှ မဟုတ်တဲ့ အဆိုးဖြစ်နေတဲ့ ဝိတက်က ဒီအချိန်မှ လာတာ၊ တကယ့် သူတော်ကောင်းစိတ်ဝင်ချိန်၊ လူခြေတိတ်မှာမှ ၎င်းဝိတက်သည် လာတတ်သည်။

အဲ့ဒီဝိတက်ကလည်း ၁။ ကာမဝိတက်ဆိုတာ သားသမီးရေး စီးပွားရေးကြံတာ ကာမဝိတက်။

၂။ ဗျာပါဒဝိတက်ဆိုတာ ကြံလေကြံလေ စိတ်ထဲမချမ်းသာလေ ပေါ်လာတာက ဗျာပါဒဝိတယ်၊ ကြံလိုက်၊ ဟုတ်သေးပါဘူးလေ၊ နေရာမကျသေးပါဘူးလေ နဖူးပေါ်လက်တင်ပြီး

ကြံလိုက်၊ ဒီလိုလည်းမဟုတ်သေးဘူး၊ ဟိုလိုလည်း မဖြစ်နိုင်သေးဘူး၊ ခက်တယ်ဆိုပြီး သကာလ နဖူးပေါ်လက်တင်ပြီး ကြံတာက ခက်တယ်လို့ လာရင်ဗျာပါဒဝိတက်။

၃။ ဝိဟိံသဝိတက်ဆိုတာကတော့ သူတစ်ပါးကို အမြတ်အစွန်းနည်း၊ ကိုယ်သာလျှင် အမြတ်အစွန်းများများရဖို့၊ သူတစ်ပါး နှိမ်နင်းချိုဖ့်ပြီးသကာလ ရလိုရကြောင်း ကြံစည်တာတွေက ဝိဟိံသ ဝိတက်လို့ခေါ်တယ်။

## ဝိတက်သုံးမျိုးရှိတယ်

၁။ ကာမဝိတက်၊

၂။ ဗျာပါဒဝိတက်၊

၃။ ဝိဟိံသ ဝိတက်လို့ ဝိတက်ဘယ်နှစ်မျိုးရှိတုံး (သုံးမျိုးရှိပါတယ်ဘုရား)၊ ဝိတက်သုံးမျိုးရှိတယ်လို့ အသေအချာမှတ်ကြပါ။

အဲ့ဒီဝိတက်သုံးမျိုးသည် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း အဲဒီဝိတက်သုံးမျိုးကို မကြံကြပါနဲ့ကွာ မကြံကြပါနဲ့၊ ကြံပြီဆိုမှဖြင့် သူနောက်က ကြံတယ်ဆိုလိုရှိရင်ဖြင့်၊ သားအကြောင်း ကြံလိုက်တယ်လို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေက စဉ်းစားတာပေါ့ သူ့ကိုဘယ်လိုအရောင်းအဝယ်နဲ့ ဘယ်လိုစေခိုင်းမယ်လို့ ကြံစည်လိုက်တယ်ဆိုလိုရှိရင်ဖြင့် ဒါ ကာမဝိတက်။

## ကာမဝိတက်

အဲ့ဒီ ကာမဝိတက်နောက်ကနေပြီး သကာလ သူ့ကို ကြံစည်လို့အချိုးအစားတည့်ပြီ ဆိုလို့ရှိရင်လည်း ကိုယ်စိတ်ထဲမှာ ဝမ်းသာလုံးကလေးနောက်က တဏှာလိုက်မလာဘူးလား (လိုက်လာပါတယ်ဘုရား)၊ ကြံစည်လို့တည့်လို့ရှိရင် ဝမ်းသာတဲ့ တဏှာလိုက်လာတယ်။

ကြံစည်ရင်း မတ္တနဲ့ စိတ်ပျက်လာရင် နောက်ကဘာလိုက်လာသတုံး ဒေါသလိုက်လာတယ်လို့ ဒကာ ဒကာမတွေက မှတ်ကြပါ။

ကြံစည်လို့ တည့်ရင် နောက်ကဘာလိုက်သတုံး (လောဘလိုက်ပါတယ်ဘုရား)၊ ကြံစည်လို့ မတည့်ရင် . . . (ဒေါသလိုက်ပါတယ်ဘုရား)၊ ဒေါသလိုက်ပြီး သကာလလာတယ်လို့ ဒကာ ဒကာမတွေ မှတ်ကြပါ။

## လောဘတဏှာလိုက်လာတယ်

အဲ့ဒီတော့ကို သူ့နောက်က လောဘလိုက်လာလည်း သမုဒယသစ္စာပဲ၊ သမုဒယသစ္စာလိုက်လာလို့ရှိရင်ဖြင့် သမုဒယသစ္စာဆိုတာ တဏှာပဲဆိုတာ ဒကာ ဒကာမတွေ မှတ်မိသွားပါပဲ။

တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊

ဘဝပစ္စယာ ဇာတိ ဇာရာ မရဏ ဆိုတော့ အိုနာသေကြီး မလိုက်လာဘူးလား . . . (လိုက်လာပါတယ်ဘုရား)။

တဏှာသာ ရှေ့ကလာလို့ရှိရင်ဖြင့် အိုနာသေ ဒုက္ခာသိုက် လိုက်ပြီသာ အောက်မေ့ . . . . မောင်အောင်ချို မလိုက်သေးဘူးလား . . . (လိုက်ပါတယ်ဘုရား)၊ ကြံစည်ပြီး ရင်၊ ကြံစည်တဲ့ နောက်ကနေပြီးတော့မှ တဏှာလိုက်တာ။

အဲ့ဒီတဏှာလိုက်လာပြီ ဆိုမှဖြင့် ဒုက္ခာဒုက္ခာမတို့ နောက်က အိုနာသေ ဆိုတာကြီးဟာ အတွဲလိုက် အပြုံလိုက် ဒုက္ခာ ဒုက္ခာမတို့၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်လာတတ်တယ်ဆိုတာ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း ဒီဝိတက်နောက်က တဏှာလိုက်တယ်၊ ဒီဝိတက်နောက်က ဒေါသလိုက်တယ်၊ ဝိတက်နောက်ကနေပြီး သက္ကာလ မောဟ လိုက်တယ်ဆိုတော့ ဝိတက်နောက်က တဏှာလိုက်လို့ရှိရင် လည်း ဒုက္ခာ ဒုက္ခာမတို့ တဏှာ ဥပါဒါန်၊ ဘဝ ၊ ဇာတိ၊ ဇာရာ မရဏ၊ မသွားဘူးလား . . . (သွားပါတယ်ဘုရား)။

## ဒေါသလိုက်တယ်

သံသရာဆက်မသွားဘူးလား . . . (ဆက်သွား ပါတယ်ဘုရား)၊ ဝိတက်နောက်ကနေပြီး ကြံစည်ရင်း မတ္တနဲ့

စိတ်ပျက်စရာချည့်ပေါ်နေလို့ရှိရင်လည်း ဒုက္ခဒေါမနဿ ဥပါယာသဆိုတာတွေ မလိုက်ပေဘူးလား . . . (လိုက်လာပါတယ်ဘုရား)။

## အဝိဇ္ဇာမောဟလိုက်တယ်

ကြံစည်နေတာက ဘုရားကြံစည်ခိုင်းတာ မကြံစည်ဘူး၊ မဟုတ်တာတွေချည့်ဘဲ သားရေး သမီးရေး စီးပွားရေးချည့် ကြံစည်နေလို့ရှိရင်လည်း ခင်ဗျားတို့ အဝိဇ္ဇာက အုပ်ချုပ်နေလို့ ကြံစည်နိုင်တာ . . . (မှန်ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး မလည်ပေဘူးလား . . . (လည်ပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ကြံစည်တဲ့နောက်က တဏှာရယ်၊ ဒေါသရယ်၊ အဝိဇ္ဇာရယ် ဒါလိုက်တယ်ဆိုတာ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ရူပဝိတက်၊ သောတဝိတက်၊ ဃာနဝိတက်၊ ရသဝိတက်၊ ဖောဋ္ဌဗ္ဗဝိတက်၊ ဓမ္မဝိတက်၊ အဲဒီဝိတက် (၆)မျိုး နောက်ကနေပြီး တဏှာ (၆)မျိုး၊ ဒေါသ (၆)မျိုး၊ အဝိဇ္ဇာ (၆) မျိုး လိုက်မှာပါပဲ၊ တယ်ကြောက်စရာကောင်းပါလား။

ဒကာ ဒကာမတွေကလည်း ဒီလိုမှ မကြဲစည်လို့ရှိရင် ဘယ်နှယ့်လုပ်မလဲလို့ ဘုန်းကြီးကို မေးကြလိမ့်မယ်၊ လူဆိုတာ ဘုရားဒီလိုပဲ ကြဲစည်ရတယ်ဘုရား သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ နေတာတွေဘုရား၊ မြို့နဲ့၊ ရပ်နဲ့၊ ရွာနဲ့နေတာတွေဘုရား၊ ဒီလောကကြီးထဲကဟာတွေ မကြဲစည်မစိစစ်လို့ရှိရင် ဘယ်နှယ့်လုပ်မလဲ ခင်ဗျားတို့ကလည်း ဆင်ခြေတော့လဲမှာပဲ။

## လောဘ၊ ဒေါသ၊ မောဟလိုက်လာမယ်

ကြဲစည်လိုက်လို့ရှိရင်လည်း လောဘ၊ ဒေါသ၊ မောဟ တစ်ခုခုတော့ ကြဲစည်တဲ့ နောက်ကမလိုက်ပေဘူးလား . . . (လိုက်ပါတယ်ဘုရား)၊ လိုက်လာရင်တော့ ပဋိစ္စသမုပ္ပါဒ် အိုနာ သေကြီးကလည်း အစဉ်အတိုင်း ရောက်မလာပေဘူးလား . . . (ရောက်လာပါတယ်ဘုရား)၊ မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲဒီတော့ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတာက **"မာဘိက္ခဝေ ဝိတက္ကေယာထ ကာမဝိတက် ကော၊ ဗျာပါဒဝိတက်ကော၊ ဝိဟိံသ ဝိတက်ကော"**

ဘိက္ခဝေ - ရဟန်းတို့ ကာမဝိတက်ကော - ကာမဂုဏ် နဲ့ ပတ်သက်တဲ့အကြံ၊ ပစ္စည်းရရာရကြောင်း အကြံတို့ကို လည်းကောင်း၊ ဗျာပါဒဝတက်ကော - ဒေါသဖြစ်စရာအကြံကို

လည်းကောင်း၊ ဝိဟိံသဝိတက်ကော - ညှဉ်းဆဲစရာအကြံကို လည်းကောင်း၊ မာဝိတက္ကေယာထ - မကြံကြနဲ့။

## ဘုရားကမကြံကြဖို့ တားမြစ်တယ်

ဘုရားကလည်း မကြံကြနဲ့ တားမြစ်တယ် . . . (မှန်ပါ ဘုရား)၊ ရရာရကြောင်း၊ ခင်မှု မင်မှုကြင်နာမှုဆိုတဲ့ သားရေး သမီးရေးစီးပွားရေးတွေကိုလည်း မကြံနဲ့၊ သူတို့အကြောင်း ကြံလိုက်လို့ ဒုက္ခ၊ ဒေါမနဿလည်း ဖြစ်တတ်တယ်၊ ခင်မှု မင်မှု ကြင်နာမှုတွေလည်း လိုက်တတ်တယ်၊ ဒီလိုမဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

ဒါဖြင့် ဘုရားက မကြံနဲ့ဆိုတာက ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်၊ ဒီ(၃)ခုကို ဘုရားက ဘာတဲ့တုံး (မကြံရပါဘူးဘုရား)၊ မကြံနဲ့ ဒကာသိုက်ဒီလိုဟောတယ် . . . (မှန်လှပါဘုရား)။

## ကြံချင်ရင် ဒီလိုကြံပါ

တုမှေ့ ဝိတက္ကေတဲ့ မင်းတို့ ကြံမယ်လို့ရှိရင်ဖြင့်တဲ့ ကြံကြပါကွာတဲ့၊ ဣဒံ ဒုက္ခံ့ဓန္တိ ဝိတက္ကေယာထ ဩော် . . . ဒါလေးဟာ ဒုက္ခသစ္စာ၊ ဣဒံ ဒုက္ခ သမုဒယံတိ ဩော် လောဘ လေးဟာ သမုဒယ သစ္စာပါလား၊ ဣဒံ ဒုက္ခ နိရောဓန္တိ ဩော်

ဒါလေးဟာ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကလေးပါလား၊ တ္တဒံ ဒုက္ခ နိရောဓ ဂါမိနိ ပဋိပဒါတိ ဝိတက္ကေယာထ ဒါလေးဟာ နိဗ္ဗာန် ရောက်ကြောင်းပါလား။

## ကြဲချင်ရင် သစ္စာလေးပါ ကြဲကြပါ

ကြဲချင်ရင်လည်း သစ္စာလေးပါးကြဲကြ . . . (မှန်လှပါဘုရား)၊ ဒါဖြင့် မကြဲရမှာက(၃)ခု၊ ကြဲရမှာက (၄)ခု၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

မကြဲရမှာက ဘာတဲ့ . . . (၃-ခုပါဘုရား)၊ ကြဲရမှာက . . . (၄-ခုပါဘုရား)၊ အေး . . . ကြဲချင်လို့ရှိရင်လည်း ခင်ဗျားတို့ သန္တာန်ဖြစ်ပျက်ကလေးတွေ ဩော် . . . ဒါ ဒုက္ခသစ္စာကလေးတွေပါလား၊ ဒီဒုက္ခသစ္စာ မြင်တာက မဂ္ဂသစ္စာပါလား၊ ချုပ်နေတာက သမုဒယသစ္စာပါလား၊ ဒီဒုက္ခသစ္စာမြင်တာက မဂ္ဂသစ္စာပါလား၊ ချုပ်နေတာက သမုဒယသစ္စာပါလား၊ သူချုပ်လို့ ရောက်တာက နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာပါလားလို့ ဒါလေးရှုကြည့်ပြီး ကြဲကြ ဘုရားက ဟုတ်ပြီလား . . . (မှန်လှပါဘုရား)။

ကြဲချင်လို့ရှိရင်လည်း သစ္စာလေးပါးကို ခင်ဗျားတို့ ဝိပဿနာရှုပြီးသကာလ သစ္စာလေးပါးပေါ်အောင် ကြဲကြ . . . (မှန်လှပါဘုရား)၊ မကြဲရမှာကဖြင့် သားရေး သမီးရေး

စီးပွားရေးလည်း မကြံနဲ့၊ သူတစ်ပါး၊ ဗျာပါဒဆိုတဲ့ ဒုက္ခ၊ ဒေါမနဿ ဖြစ်မှာတွေကိုလည်း တွေးလိုက်ရင် ဒုက္ခ၊ ဒေါမနဿဖြစ်လာလိမ့်မယ်၊ တွေးတာက ဝိတက်ပဲ . . . (မှန်လှပါဘုရား)။

သူ့နောက်က ဒုက္ခ၊ ဒေါမနဿလိုက်လာတတ်တယ်၊ အဲဒီလိုတော့ဖြင့် မကြံနဲ့ ဗျာပါဒဝိတက်ဖြစ်တယ် ဟုတ်လား။

ဝိဟိံသ ဝိတက်ဆိုတာ ဘယ်လိုလုပ်ရင် ဘယ်လိုဖြစ်မှာပဲ သူတို့က ကိုယ့်ပြောနေတာ ဘယ်ဘက်ချိုးလိုက်ရင် ဘယ်လိုကျိုးသွားမှာပဲဆိုတဲ့ စီးပွားရေးနဲ့ ပတ်သက်၍ ကြံတဲ့ ဝိဟိံသဝိတက်တွေလည်း မကြံကြနဲ့တဲ့ ဘုရားကဟောတယ်၊ သဘောကျပြီလား။

## ဝိတက်သုံးပါးကို မကြံကြနဲ့

ကိုင်း . . . ဒါဖြင့် ကြံချင်ရင်တောင် ဘာကြံရမတဲ့တုံး . . . (သစ္စာလေးပါးပါဘုရား)၊ မကြံရမှာက ဘာတဲ့တုံး . . . ဝိတက်သုံးပါးကို မကြံကြနဲ့တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ ရိပ်မိကြပြီလား . . . (မှန်လှပါဘုရား)။

## ကာမဝိတက်မကြံနဲ့

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ အိပ်ယာဝင်တဲ့

အခါကျလို့ရှိရင်လည်း ခင်ဗျားတို့က ရရာ ရကြောင်း ကြံစည်ကြပြန်တယ်၊ အဲဒါ ကာမဝိတက်လို့ ခေါ်တယ် . . . (မှန်လှပါဘုရား)၊ မနက်ဖြန်ဘယ်လိုရအောင် တောင်းမယ်၊ ဘယ်လိုယူမယ်၊ ဘယ်အထည်ကို ဘယ်လိုပြပြီးသကာလ ဘယ်လိုငွေရအောင်၊ ငွေဖြစ်အောင်လုပ်မယ်လို့ ကြံတာစည်တာတွေက ကာမဝိတက် ဟုတ်လား။

## ဗျာပါဒဝိတက်မကြံနဲ့

ကြံလိုက်၊ သားအကြောင်းကြံလိုက်၊ ခင်ပွန်းအကြောင်းကြံလိုက်၊ ကြာရင် မဖြစ်ပါဘူး၊ သူတို့နဲ့ မဖြစ်နိုင်ပါဘူး ဆိုတာတွေ၊ အဲဒါတွေ ကြံလိုက်တဲ့အခါကျတော့ကိုတဲ့ ဗျာပါဒဝိတက်၊ ဒေါမနဿတွေ လိုက်မလာပေဘူးလား . . . (လိုက်လာပါတယ်ဘုရား)။

## ဝိဟိံသဝိတက်မကြံနဲ့

ဝိဟိံသဝိတက် သူတစ်ပါး ညှဉ်းဆဲလို့ရှိရင်လည်း ဝိဟိံသ ဝိတက်၊ အဲဒါတွေကသာ အရင်လာလာနေမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ဒကာသိုက်ရေ နောက်က ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ သံသရာလည်လမ်းကြီးဟာ တန်းမနေဘူးလား . . . (တန်းနေပါတယ်ဘုရား)။

အေး . . . ကာမဝိတက် နောက်ကနေပြီး လောဘ မလိုက်ဘူးလား . . . (လိုက်ပါတယ်ဘုရား)၊ ဗျာပါဒဝိတက် နောက်ကနေပြီး ဒေါသမလိုက်ဘူးလား၊ ဝိဟိံသဝိတက် နောက်ကနေပြီးသကာလ အဝိဇ္ဇာဆိုတဲ့ မောဟမလိုက်ဘူးလား . . . (လိုက်ပါတယ်ဘုရား)။

အဲဒီတော့ လောဘလိုက်လို့ရှိရင်လည်း လောဘဆိုတဲ့ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ မရဏ တွေဟာ တစ်တန်းကြီး တစ်သီကြီး မသွားဘူးလား . . . (သွားပါတယ် ဘုရား)။

အေး . . . ဒါဖြင့် မကြံကောင်းတာကြံလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သံသရာက အိုမဆုံး၊ နာမဆုံး ဖြစ်တော့မှာပဲ . . . (မှန်လှပါဘုရား)၊ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

## ကြံကောင်းတာကြံပါ

ကြံကောင်းတာများ ကြံလိုက်ကြမယ်လို့ ဘုရားဟော တော်မူတာချည့် ခု . . . ဘုန်းကြီးဆုံးမတာကို ဒကာ ဒကာမတွေ ဒါလေးတွေ ဖြစ်ပျက်နေတာတွေဟာ ဘာလေး တွေပါလိမ့်မတုံး . . . ဪ . . . ဒုက္ခသစ္စာကလေးတွေလို့ များ ကြံလိုက်မယ်ဆိုလို့ရှိရင် နဖူးပေါ်လက်တင်ရင်း မတွေနဲ့

ဒုက္ခသစ္စာမြင်တဲ့ မဂ္ဂင်ပေါ်ပြီးသကာလ နိဗ္ဗာန်တစ်ခါတည်း ဆိုက်သွားပါတယ်။

ကြဲကောင်းတာကြဲလိုက်ပြန်လို့ရှိရင်လည်း သစ္စာလေးပါးဆိုက်ပြီး နိဗ္ဗာန်ရောက်တယ်နော် . . . (မှန်ပါဘုရား)၊ မကြဲကောင်းတာ ကြဲလိုက်ပြန်လို့ရှိရင်လည်း သံသရာလည်ရတယ်။

## ဘုရားကဆုံးမပစ်ခဲ့တယ်

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မကြဲဖို့ရာကိုလည်း တစ်မျိုးဆုံးမပစ်ခဲ့တယ်နော် . . . (မှန်ပါဘုရား)၊ ကြဲဖို့ရာကိုကော . . . (ဆုံးမပစ်ခဲ့ပါတယ်ဘုရား)။

တစ်မျိုးဆုံးမပါတယ်ဆိုတော့ ဒကာ ဒကာမတို့ ဒီစကားဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အရေးကြီးလို့ မှာတော်မူတဲ့စကား ဖြစ်လေသောကြောင့် လိုက်နာဖို့တယ်ကောင်း . . . (မှန်လှပါဘုရား)။

အို နာ သေတွေ လျှောက်ကြဲနေလို့တော့ အလကားပေါ့ . . . (အလကားပါဘုရား)၊ ဥပမာ သားရေး သမီးရေး စီးပွားရေး လျှောက်ပြီး ကြဲလိုက်တယ်၊ ကြဲလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် အကြောင်းညီညွတ်သွားရင် ခင်လုံးမင်လုံးလေးက မလာဘူးလား . . . (လာပါတယ်ဘုရား)။

နေရာကျလိုက်တာ၊ ဝမ်းသာလိုက်တာဆိုတော့ တဏှာ မလာလား . . . (လာပါတယ်ဘုရား)၊ အဲဒီတဏှာ လာက တည်းကိုက ဟိုဘက်မှာ ဇာတိ၊ ဇရာ၊ မရဏက လွတ်ရေး ကျွတ်ရေး မြင်သေးရဲ့လား . . . (မမြင်ပါဘူးဘုရား)။

အဲ . . . ဒါ ဒကာ ဒကာမတို့ မကြံကောင်းတာ ကြံတဲ့ အတွက် ဒုက္ခ၊ ဒေါမနဿ ဇာတိ ဇရာ မရဏတွေက ဒကာ ဒကာမတွေ၏ ကိုယ်ပိုင်ပစ္စည်းဖြစ်လာတော့ အဲဒီကျလာတော့ မှ ဩော် . . . ကိုယ်ကျိုးကြီး နည်းပြီး အဖြစ်ကြီး ဆိုးပါပေ့လား လို့ ခင်ဗျားတို့ ညည်းနေလို့ အပိုပဲ . . . (မှန်ပါဘုရား)။

## မကြံနဲ့ဆိုတာ မကြံပါနဲ့

အဲဒီတော့ မကြံနဲ့ဆိုတာ မကြံပဲနေလိုက်၊ သဘောကျ ပြီလား . . . (ကျပါပြီဘုရား)။

မကြံနဲ့ဆိုတာ မကြံပဲနေလိုက်လို့ရှိရင်ဖြင့် အို နာ သေ မွဲ ကွဲဆိုတဲ့ ဒုက္ခသစ္စာကြီးဟာ ဒကာ ဒကာမတွေ ကျွတ်မယ် လွတ်မယ်ဆိုတာ အသေအချာမှတ်ပါ . . , (မှန်လှပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒါ ဒီကြံကောင်းတာကို ကြံလိုက်လို့ရှိရင်လည်းတဲ့ ခင်ဗျားတို့ နိဗ္ဗာန်ရမယ်ဆိုတာကလည်း ဘုရားက နှစ်လမ်းပဲ ဟောထားတယ်၊ ကြံချင်လို့ရှိရင် ခင်ဗျားတို့ သန္တာန်ထဲ ဒီရုပ်က

လေးက ဘာပါလိမ့်မတုံး . . . ဩော် . . . ဒါလေးဟာ အနိစ္စ ကလေး။

ဒီဝေဒနာလေးဟာ ဘာပါလိမ့်မတုံး . . . (အနိစ္စပါဘုရား)၊ အနိစ္စလေး၊ ဒီသညာလေးဟာ ဘာပါလိမ့်မတုံး . . . (အနိစ္စပါဘုရား)၊ အနိစ္စလေး၊ လှမ်းမလို့ဟာကကော၊ ရုပ်နာမ်လေး၊ ဒီကြွတာလေးကကော ရုပ်နာမ်ကလေး၊ အဲဒီဟာတွေ လျှောက်ကြဲပြီးတော့ကို ဒါလေးဖြစ်ပျက်ကျအောင် ကြဲလိုက်မယ်ဆိုလို့ရှိရင်လည်း **ဣဓံ ဒုက္ခံ သစ္စန္တိ ဝိတက္ကေယာထ** ဆိုတဲ့အတိုင်း ဒါ ဒုက္ခသစ္စာလေးတွေ ကြဲမိမယ် ဆိုလို့ရှိရင်လည်း တစ်ခါတည်း နိဗ္ဗာန်ရောက်တယ် . . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## အိပ်ရာဝင်လိုက်တဲ့အခါ

ဒုက္ခသစ္စာလေးလို့ ကြဲမိရင် ဘာဖြစ်သတုံး . . . (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)၊ နိဗ္ဗာန်ရောက်တယ်၊ ခုတော့ ဒကာ ဒကာမတွေက ကြဲကောင်းတာမကြဲ၊ သံသရာလည်ကြောင်းတွေတော့ လျှောက်ကြဲနေတယ်တဲ့ဆိုတော့ ဩော်. . . ခင်ဗျားတို့က နဖူးပေါ် လက်တင်ပြီး အိပ်ရာဝင်လိုက်တဲ့အခါကျတော့မှ ခုနက မကြဲကောင်းတာတွေက မနက်ဖြန် ဘာလုပ်မယ်၊ သန်ဖက်ခါ ဘာလုပ်မယ်၊ ဘယ်လိုအထည်ကျလို့

ရှိရင် ဘယ်လိုနေရာကျလိမ့်မယ်၊ ဘယ်ဟာကို ရှောင်းလို့ ဘယ်ဟာကို ဝယ်မယ်၊ ဘယ်ဟာက ပိုတဲ့ဥစ္စာ ဘာစုထားမယ်၊ ကျန်တာက ဘယ်လိုရင်းမယ် . . . ဟို . . . ဒါတွေကလည်း ဒကာသိက်တို့ ကြံနေလိုက်တဲ့ဖြစ်ခြင်းဟာ မနည်းပါဘူး . . . (မနည်းပါဘူးဘုရား)။

အဲဒီလိုကြံနေတဲ့အခါကျလို့ရှိရင် နောက်က ကိုယ်ကြံစည်တိုင်း လောဘတွေက နောက်ကလိုက်မလာဘူးလား . . . (လိုက်လာပါတယ်ဘုရား)၊ အဲဒါဝိတက်နောက်ကနေ လောဘလိုက်လာတော့ သမုဒယသစ္စာဖြစ်၍ ဟိုဘက်ဒုက္ခသစ္စာကြီးက ရှန်းမရ ကန်မရ ကြုံကြရမယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## နေ့လည်နေ့ခင်းကျတော့

ဒါဖြင့် မကြံကောင်းတာကို မကြံနဲ့၊ ရှင်းကြပြီလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)၊ ကြံကောင်းတာကို . . . (ကြံရမှာပါဘုရား)။

အဲ. . . နေ့လည် နေ့ခင်းကျတော့ ခင်ဗျားတို့ ကိစ္စနဲ့ ခင်ဗျားတို့ မကြံနဲ့မစည်နဲ့လို့ ဘုန်းကြီးများက မဟောပါဘူး၊ ညအိပ်ယာဝင်တဲ့ အခါကျတော့ ကြံချင်လို့ရှိရင်ဖြင့် ဖြစ်ပျက်ကလေးတွေ၊ ရုပ်နာမ်ကလေးတွေ ဖြစ်ပျက်ကလေးတွေ

ဒါကလေးတွေသာ ကြံကြပါ၊ ဆိတ်ငြိမ်တဲ့အခါမှာလည်း ဒီရုပ်နာမ်ကလေးတွေ၏ ဖြစ်ပျက်ကလေးတွေကိုသာ အင်း . . . ဒါလေးဟာ ဘာလေးပါလိမ့်မလဲ၊ ဩော် . . . အနိစ္စလေး ပါလား။

## မပိုင်တဲ့သဘော သူပြောပြီ

အင်း . . . ဒါလေး ဘာလေးပါလိမ့်မတုံး၊ စိတ်ကလေး ပေါ်လာတယ်၊ အင်း ဒီစိတ်ကလေးကလည်း ဒုက္ခသစ္စာကလေး ပါလား၊ အင်း . . . ဒီစိတ်ကလေးဟာလည်း ဘာပါလိမ့်မတုံး လို့ နောက်ဉာဏ်နဲ့ ကြံစည်လိုက်တော့ ဩော် . . . ဒါလေးဟာ မပိုင်တဲ့သဘောလေး သူပြောပြီကော၊ အဲဒီကဲ့သို့ သူကြံလိုက် မယ်ဆိုလို့ရှိရင်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကြံချင်ကြံကြပါ။

ဒုက္ခသစ္စာအဖြစ်ကို ကြံကြပါ၊ အဲဒီလို ကြံလိုက်လို့ရှိရင် ဒကာသိုက်ရေ လွတ်ရေး ကျွတ်ရေးဆိုတာ ကိုယ့်အတွက် အေးသွားမှာပဲ . . . (အေးသွားမှာပါဘုရား)။

အဲဒီတော့ ကြံကောင်းတာ ကြံကြပါ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မကြံကောင်းတာတွေ မကြံနေပါနဲ့၊ နေ့လည် သူ့အချိန်နဲ့သူတော့ ဘုန်းကြီးတို့က မဆိုလိုပါဘူး . . . (မှန်လှပါဘုရား)။

အိပ်ယာဝင်တဲ့အခါ ဆိတ်ငြိမ်တဲ့အချိန်ဖြင့် ခုနက အနိစ္စတို့ကို၊ ဒုက္ခတို့ကို၊ အနတ္တတို့ကို ဆိုတဲ့ဥစ္စာတွေ ဘုန်းကြီးတို့ ဟောနေတဲ့ ဝေဒနာဖြစ်ပျက်တွေ၊ ဟုတ်လား ဒါ ဘာပါလိမ့် ဒါဝေဒနာ၊ ဝေဒနာဖြင့် ဖြစ်ပျက်ပဲ . . . (မှန်လှပါဘုရား)။

## မဂ္ဂင်ဆိုက်သွားတယ်

အင်း . . . ဒါလေးသည်ကားလို့ဆိုရင် လောဘစိတ်၊ လောဘစိတ်ဖြင့်ဖြစ်ပျက်၊ ဒေါသစိတ်ကလေးပေါ်လာရင်ကော . . . (ဖြစ်ပျက်ပါဘုရား)၊ အဲဒါလေးတွေချည့် ကြဲနေကြမယ်ဆိုလို့ရှိရင်လည်းတဲ့ ဒကာ ဒကာမတွေသည် ဒုက္ခသစ္စာကို ကြဲတာဖြစ်လေသောကြောင့် ဘုရားကခွင့်ပေးတယ်၊ ဒုက္ခသစ္စာကို ကြဲခြင်းကြောင့် သမ္မာသက်ပွဖြစ်ပြီး မဂ္ဂင်ဆိုက်သွားတယ် ကိုထွန်းအောင်ရေ . . . (မှန်လှပါဘုရား)။

ဘယ်လောက် အဖိုးတန်သတုံး . . . (အဖိုးတန်ပါတယ်ဘုရား)၊ ဒီကျတော့လည်း မဂ္ဂင်ဆိုက်သွားတယ်၊ ဒီဟာလေးဟာ ဖြစ်ပြီးပျက်တဲ့တရားလေးပါလားလို့ ကြဲမိစည်မိတော့မယ် ဆိုလို့ရှိရင်ဖြင့် သမ္မာသက်ပွခေါင်းဆောင်တဲ့အတွက် သမ္မာဒိဋ္ဌိကလည်း မောင်ချစ်ဆွေ ပါသွားတယ် . . . (မှန်ပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဒုက္ခသစ္စာ ကြဲလုံးလေးက မဂ္ဂသစ္စာ ဒီလိုမကျဘူးလား . . . (ကျပါတယ်ဘုရား)။

## နိရောဓသစ္စာမျက်မှောက်ပြု

အဲဒါ ဒီလိုကြဲနေတဲ့ အခါကျတော့ သမုဒယသစ္စာက သေလို့ဗျာ . . . (မှန်လှပါဘုရား)၊ နိရောဓသစ္စာ မျက်မှောက်ပြုလို့ ဒီလိုဆိုတော့ကြဲတဲ့ ဘုရားက . . . (မှန်လှပါဘုရား)။

ဒါတော့လည်း ကြဲခိုင်းပါတယ်၊ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)၊ မင်းတို့ ယောကျ်ားတွေ ဘက်ကကောကွ . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကြဲချင်လို့ရှိရင်ဖြင့် ဖြစ်ပျက်တွေကို ကြဲကြ၊ ဒါလေးဟာ ဘာလေးပါလိမ့်မတုံး၊ ခုပေါ်တာလေး ဘာလေးပါလိမ့်မတုံး ခဏ ခဏမေးကြကွာ၊ ဟုတ်လား၊ ဒါလေးဟာ ဘယ်သဘောပါလိမ့်မလဲလို့ ကြဲကွာ။

ကြဲတော့ ဒါလေးသည်ကားလို့ဆိုရင် ဝေဒနာပေါ်တယ် အင်း . . . ဝေဒနာဖြစ်ပျက်လားလို့ ကြဲကြည့်လိုက် . . . (ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်ပဲ။

## မြင်ပြီးပျက်တာပဲ

မြင်စိတ်ကလေးဟာ မြင်တာလား၊ ဖြစ်ပျက်လားလို့ ကြဲကြည့်လိုက် မြင်ပြီး ပျက်တာပဲဆိုတော့ အင်း . . . ဒါလေးဟာ ဖြစ်ပျက်ကလေး (ဝါ) အနိစ္စလေးလို့ ဒကာ ဒကာမတွေ ကြဲကြည့်လိုက်မယ်ဆိုလို့ရှိရင်ဖြင်တဲ့ ကြဲတာသည် ဖြစ်ပျက်က

ဒုက္ခသစ္စာ၊ ကြဲတာက သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိ ဦးစီးတဲ့ မဂ္ဂသစ္စာ လာဖြစ်တယ် . . . (မှန်လှပါဘုရား)။

မောင်ချစ်ဆွေ ဘယ်လောက် အဖိုးတန်သတုံး . . . (အဖိုးတန်ပါတယ်ဘုရား)၊ ကြံချင်လို့ရှိရင်ဖြင့် ဒီလိုကြံကြပါကွ မောင်မြင့်တို့ လူစုတွေ သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

အဲဒါကြောင့် မင်းတို့ မစဉ်းစားဘဲနဲ့ နေ့လည် ရောင်း ဝယ်နေတဲ့အချိန် ဆရာဘုန်းကြီးက ဘာဘာလုပ်ရမယ်ဆိုတာ ဒီလောက် မပြောလိုပါဘူး ဒီအိပ်ရာဝင်တဲ့အချိန်၊ ဆိတ်ငြိမ်တဲ့ အချိန်ကျလို့ရှိရင်ဖြင့် ဒါဘာပါလိမ့်မတုံး၊ အခုပေါ်လာတာလေး ဘာပါလိမ့်မလဲဆိုတဲ့ ဒါတွေသာ ကြံနေမယ်ဆိုလို့ရှိရင် ဒါအလုပ် ဖြစ်သွားတာပဲ . . . (မှန်လှပါဘုရား)။

## ကြံရင်းစည်ရင်းမဂ်ဆိုက်တယ်

အဲဒီတော့ ချမ်းသာချင်ရင် ရုပ်နာမ်တို့ကို၊ ရုပ်နာမ်တို့ အပေါ်မှာ ဖြစ်ပျက် ဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့်၊ ဘယ်လို ကြောင့် ဖြစ်ပါလိမ့်မလဲဆိုတာလေးကို ကြံနေလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ကြံရင်းစည်ရင်းနဲ့ ခင်ဗျားတို့ မဂ္ဂင်ဆိုက်တယ် . . . (မှန်လှပါဘုရား)။

အဘယ့်ကြောင့်ဆိုသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဖြစ်သောကြောင့် . . . (မှန်ပါဘုရား)၊ ဒီလိုအကြံကလေး ကြံတော့လည်း ဒကာ ဒကာမတွေ မှတ်လိုက်စမ်း မဂ်ရတယ်လို့ မှတ်လိုက် . . . (မှန်လှပါဘုရား)။

အင်း . . . ဖြစ်ပျက်ကလေးတွေ ကြံလိုက်တယ် ဒါလေးဟာဖြစ်တယ်၊ ပျက်ပြန်ပြီ၊ ဒါလေးတွေဟာ ဖြစ်ပျက်ကလေးတွေချည့်ပဲလားလို့ ကြံလိုက်တော့ ဒီကြံလုံးကလေးဟာ မဂ္ဂင် . . . (မှန်ပါဘုရား)၊ မဂ်ရတာ၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## လမ်းတစ်ဖက်ကိုပြောင်းလိုက်ပါ

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ လမ်းကလေး တစ်ဖက်ပြောင်းလိုက်တာပေါ့၊ ခါတိုင်းက သားရေး၊ သမီးရေး စီးပွားရေး၊ သွားရေးလာရေးကို ကြံကြတယ်၊ ဒီတစ်ခါ ဒီလိုမကြံဘဲနဲ့ အင်း . . . အိပ်ချင်တဲ့စိတ်ကလေးဟာ၊ အိပ်မယ်လို့ လာတဲ့စိတ်ကလေးဟာ လှဲလိုက်တဲ့အခါ ရှိသေးလားလို့ ကြံကြည့်လိုက်ပါလား . . . (မရှိပါဘုရား)။

အိပ်မယ်လို့ လာတဲ့စိတ်ကလေးဟာ လှဲတဲ့အချိန်ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)၊ လှဲတဲ့အခါ လက်ကလေး ဟိုထောက်၊ ဒီထောက် ထောက်နေတာလေးဟာ တကယ့်

အိပ်ရာပေါ်ခေါင်းအုံးပေါ် ခေါင်းကျတဲ့အချိန် ထောက်တဲ့စိတ်ကလေးရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ဟိုစောင်ကလေးကို ဟိုဟာလေးကိုင် ဒီစောင်လေးဖြန့် ဒီဘက်လှဲ့ခြုံနဲ့ အဲဒီဖြန့်တဲ့စိတ်တွေလည်း ခြုံတဲ့အခါရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

## အိပ်တတ်၊ နေတတ်ကြပြီလား

မရှိတဲ့အခါကျလို့ရှိရင် ဘယ်ရောက်ကုန်ပါလိမ့်မတုံး ကြံကြည့်လိုက်ပါလား။ အဲဒီလိုကျတော့ ဒုက္ခသစ္စာကြံတာ၊ အိပ်တတ်ကြပြီလား၊ နေတတ်ကြပြီလား . . . (နေတတ်ပါပြီဘုရား)။

အိပ်တတ်နေပါပြီ ခင်ဗျားတို့ ကလေးတွေလို သင်နေရတာ အအိပ်အနေကစ သင်နေရတာ၊ ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ အိပ်တတ်ကြပြီဆိုတဲ့သဘောဖြင့် ဆုံးဖြတ်ချက်ချကြပေတော့၊ သဘောကျပြီလား . . . (သဘောကျပါပြီဘုရား)။

ဒါဖြင့် ကြံကောင်းတာ ကြံပါ၊ မကြံကောင်းတာကို . . . (မကြံရပါဘူးဘုရား)၊ ကြံကောင်းတာကဖြင့် ဒုက္ခသစ္စာလေး အင်း . . . လောဘကလေး ဖြစ်လာတယ်၊ အင်း . . . သမုဒယသစ္စာလေး ဒါလေးက ဖြစ်ပျက်ကလေး ဖြစ်ပျက်မရှိတာ ဘာပါလိမ့်မလဲလို့ ကြည့်လိုက်တဲ့အခါ နိဗ္ဗာန်မှ ဖြစ်ပျက်မရှိတာ ကြံလိုက်၊ ဟုတ်လား။

ဒါလေးဟာ ဖြစ်ပျက်ကလေးမြင်တဲ့ ဉာဏ်ကလေးဟာ ဘာပါလိမ့်မတုံးလို့ ကြဲကြည့်လိုက်တဲ့အခါ အို. . . ဒါမဂ္ဂင်လေး ပဲလို့ ဒီလိုလှည့်ကြဲနေမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ မောင်ချစ်ဆွေ သစ္စာလေးပါး ကြဲပြီးသားဖြစ်သွားတယ်. . . (မှန်လှပါဘုရား)။

## သစ္စာလေးပါးကြဲကြပါ

အဲဒီတော့ ကြဲချင်ရင်လည်း ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဒကာ ဒကာမတို့ သစ္စာလေးပါး ကြဲကြဟောလိုက် တယ်၊ ဒီ ကာမဝိတက် သားရေး သမီးရေး စီးပွားရေးဖြင့် အိပ်ယာပေါ် မကြဲပါနဲ့ . . . (မှန်လှပါဘုရား)။

ဆွေးစရာတွေ လှည့်တွေးပြီး ကြဲမနေပါနဲ့၊ ဟုတ်ပြီလား၊ သူတစ်ပါးကို နှိပ်စက်ညှင်းဆဲတဲ့ သဘောတွေနဲ့ကော မကြဲလိုက်ပါနဲ့၊ ဒါက ဗျာပါဒဝိတက်ရဲ့ဖြစ်ထွေ၊ ဝိဟိံသဝိတက် ဖြစ်ထွေ။

ဒါဖြင့် ဒကာ ဒကာမတို့ ကြဲစည်တတ်ကြပြီလား၊ ကြဲတတ်စည်တတ်ပြီ၊ ဘယ်ဟာကြဲရမတုံးဆိုတော့ ခန္ဓာအပေါ် မှာ ရုပ်နာမ်တွေသည်ကားလို့ဆိုရင် ဘာတွေပါလိမ့်မတုံး၊ ဘယ်သဘောတွေပါလိမ့်မတုံး ကြဲလိုက်ပါလား။

ဒေါ် ရွှေဘာတွေကြဲမယ် . . . (ဖြစ်ပျက်ဒုက္ခသစ္စာတွေ ကြဲရမှာပါဘုရား)၊ အင်း . . . ဖြစ်ပျက်ဒုက္ခသစ္စာတွေလို့

ကြံလိုက်စည်လိုက်မယ်ဆို ဒေါ်ခန့်တို့ အချိုးမကျလား . . . (ကျပါတယ်ဘုရား)။

## ဒါမဂ္ဂင်နဲ့အိပ်တာ

အဲဒီလိုကြံပြီးသကာလ အိပ်လိုက်တဲ့အခါကျလို့ရှိရင် တော့ကွာတဲ့ သစ္စာလေးပါးကြံကြပါ၊ မင်းတို့ ကာမဝိတက်ဆိုတဲ့ လောဘ ရရာရကြောင်းတွေလည်း လျှောက်ကြံမနေပါနဲ့ ဟုတ်လား . . . (မှန်ပါဘုရား)။

ဆွေးရာဆွေးကြောင်းတွေကိုလည်း တွေးလေ ဆွေးလေအကြံတွေကိုလည်း တွေးတဲ့ဝိတက်ကြောင့် ဆွေးရတယ်ဆိုတဲ့အကြံတွေကိုလည်း မကြံပါနဲ့၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အေး . . . သူတစ်ပါး ညှဉ်းဆဲလိုတဲ့ သဘောတွေနဲ့လည်း တွေးလေဆွေးလေ အကြံတွေကိုလည်း တွေးတဲ့ဝိတက်ကြောင့် ဆွေးရတယ်ဆိုတဲ့ အကြံတွေကိုလည်း မကြံပါနဲ့၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အေး . . . သူတစ်ပါး ညှဉ်းဆဲလိုတဲ့ သဘောတွေနဲ့လည်း မကြံလိုက်ပါနဲ့လို့ ဘုရားကမဟောလား . . . (ဟောပါတယ်ဘုရား)။

အဲဒီတော့ ကြံရမှာက သစ္စာလေးပါး၊ ခင်ဗျားတို့ ကြံနေတာက ရရာရကြောင်း၊ ဆွေးရာဆွေးကြောင်း၊ ဟုတ်လား၊ သူတစ်ပါးနှိပ်စက်ရာ နှိပ်စက်ကြောင်း ဒီလိုကြံနေတော့ ပဋိစ္စသမုပ္ပါဒ်ကြီးက ရပ်လို့ရသေးရဲ့လား . . . (မရပါဘူးဘုရား)။

## ဒုက္ခသစ္စာတစ်လုံးပဲကြံပါ

အဲဒီတော့ ခုနက သုံးခုကို ကြံလိုက်ကြလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့သည် သံသရာပြတ်ပါလိမ့်မယ်၊ သံသရာပြတ်ပါလိမ့်မယ်၊ သံသရာပြတ်ပါလိမ့်မယ်၊ ဒီလိုမှ ခင်ဗျားတို့သည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာ၊ သစ္စာလေးပါး၊ သစ္စာလေးပါးထဲကလည်း ဒုက္ခသစ္စာတစ်လုံးပဲ ကျကျ နန ကြံလိုက်ပါ။

အဲဒီကဲ့သို့ ကြံလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အင်း . . . ကြံကြည့်စမ်းပါလား၊ ခင်ဗျားတို့ ခုလေးကားကတက်လာတဲ့ ခြေလှမ်းတွေ (၁၁)လှမ်း၊ (၁၂)လှမ်းနဲ့တက်ပြီး လာခဲ့ကြတဲ့ ရုပ်နာမ်တွေ ဘယ်များရောက်ကုန်ကြပါလိမ့်မလဲ၊ အင်း ပျက်စီးသွားတာ၊ ယခုထိုင်တဲ့ဆီ ပါသေးသလား . . . (မပါပါဘူးဘုရား)။

အဲဒီလိုကြံနေပါလား၊ ဒီလိုကြံနေလိုက်မယ်ဆိုလို့ရှိရင် အင်း . . . ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာဆိုတာ မှန်လိုက်တာ ဟိုတင် ဒုက္ခရောက်ခဲ့တာ ဒီဘက်မပါဘူးတဲ့၊ ဒီလိုကြံလိုက်တဲ့

အခါကျတော့ ကြံလုံးက မဂ္ဂသစ္စာ၊ ဟိုချုပ်ပျောက်တာတွေက . . . (ဒုက္ခသစ္စာတွေပါဘုရား)။

## မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်

ဒီလိုဖြစ်ပြီးသကာလ သွားမယ်ဆိုရင် ခင်ဗျားတို့ ဟိုလှေခါးကတက် ဒီဘက်မှာ တစ်ခါတည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်တဲ့ အခြေအနေရှိပါတယ်၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ခုတော့ ဒကာ ဒကာမတွေက ရှေ့ကြံလိုက်တာ၊ သား ကြီးလာရင် ဘယ်လို၊ သမီးကြီးလာရင် ဘယ်လို၊ ပစ္စည်း လေးတွေ ဘယ်လောက် ဘယ်လောက်ရှိလာလို့ရှိရင် ဘယ်ဘက် ဘယ်ဘက်ကို ဘာတွေလုပ်ပြီးသကာလ ဘာတွေ ဖြန့်လိုက်ဦးမယ်၊ ပြီးတော့ကျလို့ရှိရင် နှစ်ပတ်လည် ကျလို့ရှိရင် ဘယ်လို အမြတ်အစွန်းတွေထွက်ပြီးသကာလ ဘယ်လို လုပ်လိုက်ဦးမယ်ဆိုတဲ့ ကြံလုံးစည်လုံးတွေက ဟိုလက်ချည်း သက်သက်ငွေပေးသလို ဖြစ်နေတာပေါ့ဗျာ၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ခပ်ရှက်ရှက်ပြောရတာ၊ ရှင်းပြီမဟုတ်လား . . . (ရှင်းပါပြီဘုရား)၊ အဲဒီကြံလုံးစည်လုံးတွေဟာ ကြံကောင်း၊ မကြံကောင်းစဉ်းစားကြည့်စမ်း . . . (မကြံကောင်းပါဘူး ဘုရား)၊ မကြံကောင်းဘူး။

မကြွဲကောင်းတာ ကြွဲလို့ရှိရင်ဖြင့်တဲ့ ဒုက္ခရောက်လိမ့်မယ်၊ ကြွဲကောင်းတာကြွဲလို့ရှိရင်ဖြင့် နိဗ္ဗာန်ရောက်လိမ့်မယ်။

ဒါဖြင့် မကြွဲကောင်းတာ ကြွဲရင် ဘာရောက်မယ် . . . (ဒုက္ခရောက်မှာပါဘုရား)၊ ကြွဲကောင်းတာ ကြွဲရင် . . . (နိဗ္ဗာန်ရောက်မှာပါဘုရား)။

ဒါဖြင့် ဒုက္ခရမှာကြိုက်ရင် မကြွဲကောင်းတာကြွဲ၊ နိဗ္ဗာန်ရမှာကို သဘောကျလို့ရှိရင် ကြွဲကောင်းတာကြွဲ၊ ကဲ ကြွဲတတ်ကြပြီလား . . . (ကြွဲတတ်ပါပြီဘုရား)။

## ဝိတက်ပေမယ့်အရေးကြီးတယ်

ဝိတက်ပေမယ့် ကိုယ့်ထွန်းအောင်ရေ အတော်အရေးကြီးတယ်နော် . . . (မှန်လှပါဘုရား)၊ ဒကာ ဒကာမတွေ ဘာနှိပ်စက်နေတာတုံးမေးလိုက်တဲ့ အခါကျတော့မှ ဩော် . . . သူတို့မှာ တစ်ခါတလေမျှား အိပ်မပျော်ဘူးတဲ့ ကြွဲစည်နေလိုက်တာ တွေးတောနေလိုက်တာ။

အိပ်မပျော်ဘူး၊ သူတို့က အိပ်လိုက်ကျတာ၊ ဒို့ဖြင့် အိပ်လို့ကို မရဘူး၊ ဟ ဘာဖြစ်တာတုံးမေးလို့ရှိရင် ရရာရကြောင်းတွေ လျှောက်ကြွဲစည်နေတာ၊ ဆွေးရာဆွေးကြောင်းတွေ လျှောက်တွေးပြီးကြွဲနေလို့ဒုက္ခ၊ ဒေါမနဿဖြစ်လို့ အိပ်နိုင်သေးရဲ့လား . . . (မအိပ်နိုင်ပါဘူးဘုရား)။

သည်းခြေထပြီး ရှုံတောင်ရှုံးလိုက်သေးဗျာ၊ မအိပ်မနေ တော့သည်းခြေကပျက်ရော၊ ပျက်တော့ အရှုံးဒုက္ခကြီးရလာ ရော။

## ချက်ချင်းမျက်ရည်ကျစေမယ်

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မကြံ ကောင်းတာကြံသဖြင့် ခင်ဗျားတို့ ချက်ချင်းကို ဘာမှ အလုပ် မရှိဘဲနဲ့ မျက်ရည်ကျစေမယ်၊ မယုံရင်ကြံကြည့်၊ မကျပေ ဘူးလား၊ ကျသလား . . . (ကျပါတယ်ဘုရား)။

သားကလေးကြည့်လိုက်ပြန်ရင်လည်း လူမမယ် သူမမယ်နဲ့ သမီးလေး ကြည့်လိုက်ပြန်ရင်လည်း ခြေခြင်းင် မရှိနဲ့ ကိုယ်ကလည်း အသက်အရွယ်ကြီးနဲ့ ခက်ပြီလို့ဆိုရင် အလိုလိုမျက်ရည်ကျတယ်၊ စိတ်သာချ မကျပေဘူးလား . . . (ကျပါတယ်ဘုရား)။

ကျတယ်၊ ကျတယ်တဲ့ ကြံကောင်းတာကြံလို့ မျက်ရည် ရတာလား၊ မကြံကောင်းတာကြံလို့ မျက်ရည်ရတာလား . . . (မကြံကောင်းတာကြံလို့ မျက်ရည်ရတာပါဘုရား)၊ အေး . . . မကြံကောင်းတာကြံလို့ မျက်ရည်ရတာ။

ခင်ဗျားတို့က မျက်ရည်ကျတဲ့ အလုပ်မျိုးကျရင်ဖြင့် ကြံ လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ မျက်ရည်ကျမယ့် အလုပ်

တော့ မကြဲလိုက်ပါနဲ့လို့ ဘုန်းကြီးက မေတ္တာရပ်တယ် . . . (မှန်လှပါဘုရား)။

ကြဲချင်သေးရဲ့လား . . . (မကြဲချင်ပါဘူးဘုရား)၊ ငိုစမ်း ပရစေဦးဗျား လုပ်ချင်သေးရဲ့လား . . . (မလုပ်ချင်ပါဘူး ဘုရား)၊ မလုပ်ချင်ဘူး ခင်ဗျားတို့အလုပ်တွေက ဆိုးလွန်းလို့။

## ကြဲကောင်းတာကြဲရင်မဂ်ရမယ်

ကဲ . . . ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကြဲကောင်းတာကြဲ၊ ကြဲကောင်းတာကဖြင့် ဒုက္ခသစ္စာ ဖြစ်ပျက် တွေကြဲ့ပေါ့ဗျာ . . . (မှန်ပါ့ဘုရား)၊ ဘယ်ဟာဖြစ်ပြီး ပျက်တဲ့ အနိစ္စကလေးတွေပဲ၊ ဒုက္ခကလေးတွေပဲ၊ အနတ္တကလေးတွေ ပဲလို့ ကြဲလိုက်မယ်ဆိုရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ကြဲတာသည် သမ္မာသင်္ကပ္ပ၊ မြင်တာသည် သမ္မာဒိဋ္ဌိ။

အမြင်နဲ့လည်း ကြဲပြီးတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဆိုတဲ့ မဂ္ဂင်နှစ်ပါးဝမ်းထဲရောက်လာတဲ့အတွက် ခင်ဗျားတို့ မဂ်တောင်ရလိုက်သေးတယ် . . . (မှန်လှပါဘုရား)၊ ဒီအကြံ ကြဲလိုက်တာများ တယ်ကောင်းပါလား . . . (ကောင်းပါတယ် ဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## မကြဲကောင်းတာကြဲရင်မျက်ရည်ရမယ်

အေး . . . ဒါဖြင့် ကြဲကောင်းတာ ကြဲလို့ရှိရင်ဖြင့် မင်္ဂလာရမယ်၊ မကြဲကောင်းတာကြဲရင် မျက်ရည်ရမယ်၊ ဘယ်ဟာကြိုက်ကြသတုံး . . . (မင်္ဂလာရတာပိုကြိုက်ပါတယ်ဘုရား)၊ ဒီလိုမပြောနဲ့ ဒီလိုမပြောနဲ့ မျက်ရည်က ဆုံကနဲ ကျနေတာ၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

သားစိတ်၊ သမီးစိတ်၊ ခင်ပွန်းစိတ်တွေနဲ့ တစ်ခါအလို မကျတာတွေလျှောက်ပြီးများ တွေးပြီးသကာလ ဒေါ်ခန့်ရေ ဆေးလိပ်ကုန်မှန်းမသိအောင် မီးပေါက်တာ ပေါက်မှန်း မသိအောင် ကြဲတဲ့အကြဲတွေက ရှိသေးတယ် . . . (မှန်လှပါဘုရား)၊ မရှိဘူးလား။

ဆေးလိပ်ကလည်း ငေါ့ပြန် မီးဖွားကလည်း ကျပြန်၊ လူကလည်း ကြဲမိကြဲရာကြဲနေပြန်ဆိုတော့ လူပါလောင်မသွားတာ ကံကောင်းလို့ပေါ့ဗျာ၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

အေး . . . ဒါဖြင့် ကြဲကောင်းတာ ကြဲလို့လား၊ မကြဲကောင်းတာကြဲတာလား . . . (မကြဲကောင်းတာ ကြဲတာပါဘုရား)၊ အဲဒါသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မကြဲကောင်းတာ ကြဲမိတဲ့အတွက်တဲ့ မျက်ရည်ရတယ်။

မျက်ရည်ရတော့ကို မျက်ရည်ရတဲ့ ဒုက္ခသည်ကားလို့ဆိုရင် ဟိုဘက်ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ အကုန်မလာဘူး

လား . . . (လာပါတယ်ဘုရား)၊ ဇာတိ ဇရာ မရဏကော . . . (လာပါတယ်ဘုရား)၊ အို နာ သေ အကုန်လာတယ်။

ဒါကြောင့် မကြဲကောင်းတာကြဲရင် မျက်ရည်ကစရမယ်၊ ကြဲကောင်းတာကြဲရင် မဂ်ဉာဏ်ကစရမယ်၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ ကြဲကောင်းတာကြဲရင် ဘာရမယ် . . . (မဂ်ဉာဏ်ရမှာပါဘုရား)၊ မဂ်ဉာဏ်ရမယ်။

## အပြောကတော့ ဟုတ်တာပဲ

မကြဲကောင်းတာကြဲမိလို့ရှိရင် . . . (မျက်ရည်ရမှာပါဘုရား)၊ အေး . . . ဒါဖြင့် ခင်ဗျားတို့ မဲချယူ ဘယ်ဟာအကြိုက်ဖြစ်မလဲ . . . (မဂ်ရတာကြိုက်ပါတယ်ဘုရား)၊ အပြောကတော့ ဟုတ်တာပဲဗျ။

အပြောကတော့ ဟုတ်တာပဲ၊ တော်တော်ကြာကျလို့ရှိရင်အိပ်ယာဝင်ပြီး စမ်းလည်းကြည့်ကြဦး၊ ဟုတ်ပြီလား၊ ကိုယ့်အချိန်ကျရင် အိပ်ကြမယ်မို့လား . . . (မှန်လှပါဘုရား)၊ မျက်ရည်ရမှာတွေနဲ့ အိပ်မပျော်မှာတွေတော့ဖြင့် မကြဲဘူးကွာ၊ ဟုတ်ပြီလား . . . (မှန်လှပါဘုရား)။

တစ်ခါတည်း ဖြစ်ပျက်ကို ရှုပြီးသကာလ ဘယ့်နှယ့်ကြောင့် ဒါလေးတွေဟာ ဖြစ်ပြီးပျက်ပါလိမ့်မလဲ၊ ဝေဒနာလေးဟာလည်း ဘာပါလိမ့်မတုံး ဖြစ်ပျက်ပဲ၊ သညာလည်း ဘာပါ

လိမ့်မလဲ ဖြစ်ပျက်ပဲ၊ စိတ်ကလေးပေါ်လာရင်ကော . . . (ဖြစ်ပျက်ပါဘုရား)။

## ဖြစ်ပျက်ဒုက္ခသစ္စာကြဲကြ

ဖြစ်ပျက်ပဲလို့ အဲဒီလိုကြဲနေလို့ရှိရင် အိပ်လည်း အိပ်ပျော်လွယ်မယ်၊ မင်္ဂလည်းရမယ် . . . (မှန်လှပါဘုရား)။

အဲဒီတော့ အိပ်လည်းပျော်ချင်ပါတယ်၊ မဂ်ဉာဏ်လည်းရချင်ပါတယ်ဆိုရင်ဖြင့် ဖြစ်ပျက်ဒုက္ခသစ္စာကြဲကြ . . . (မှန်လှပါဘုရား)၊ အိပ်လည်းမပျော်ချင်ဘူး၊ သည်းခြေလည်းထချင်တယ်၊ မျက်ရည်လည်း ကျချင်တယ်ဆိုရင် သားရေး သမီးရေး စီးပွားရေးကြဲ . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (သဘောကျပါပြီဘုရား)။

တစ်ခါတည်း ခင်ဗျားတို့ကလည်း မျက်ရည်ကျမည့်ဘက်ကျတော့ ကြဲတယ်၊ နိဗ္ဗာန်ရမယ့်ဘက်ကျတော့ . . . (မကြဲပါဘူးဘုရား)။

ဒကာသိုက်ရ ခုမှ ကြဲရမှာကိုးဗျ၊ ခုမှကြဲရမှာ၊ ခုမှကြဲရမှာ ခုမှ သစ္စာကိုကြဲပါလို့ ဘုရားက ခုမှ သစ္စာသံယုတ်မှာဟောလာတယ် မောင်ချစ်ဆွေရ . . . (မှန်ပါဘုရား)၊ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

အဲ အားလုံး ဒကာ ဒကာမတွေ ကြဲကောင်းတာနဲ့ မကြဲကောင်းတာခွဲသိကြပြီလား . . . (မှန်ပါဘုရား)။

## ကိန္နရီ၊ ကိန္နရာ

အေး . . . ဒီမှာ ဒီပြင်လူကိုမဆိုထားပါနဲ့ ဘုရားလောင်း စန္ဒကိန္နရီဖြစ်တုန်းက သူတို့လင်မယားဖြစ်ပြီးသကာလ ယသော်ဓရာနဲ့ ဘုရားလောင်းနဲ့ ကိန္နရာ ဘဝမှာ တိရစ္ဆာန်ဖြစ်တုန်းကပေါ့ကွာ . . . (မှန်ပါဘုရား)။

အဲဒီတုန်းက အင်မတန်ချစ်၊ အင်မတန်ခင်၊ အင်မတန်ရ င်းနှီးနေတော့၊ တစ်နေ့သ၌ ညနေအစာစားနေတုန်း လေပြင်းမုန်တိုင်းက ကျလာတယ် . . . (မှန်လှပါဘုရား)။

## ယသော်ဓရာလောင်း

လေပြင်းမုန်တိုင်းကကျလာတော့ ဒီကိန္နရီမ ယသော်ဓရာလောင်းကတော့ ဒီဘက်ကမ်းပေါ်မှာနေတယ်၊ ဘုရားလောင်းကိန္နရာဖိုကတော့ လေတိုက်ပြီးသကာလ လေအားကိုမနိုင်တာနဲ့ သူက မြစ်ဟိုဘက်ကမ်းရောက်ပြီးသကာလ သဲသောင်ပေါ်မှာ သွားပြီးသကာလ တင်နေတယ် . . . (မှန်လှပါဘုရား)။

အဲဒီတော့ တစ်ညကွဲတယ်ပေါ့ဗျာ . . . (မှန်လှပါဘုရား)၊ အကြင်လင်မယားတစ်ညကွဲတယ်၊ အဲဒီအကြင်လင်မယားတစ်ညကွဲတာ အဲဒီကိန္နရာမက တစ်ညလုံး ဟိုဘက်ကလ,ထွက်တဲ့အခါကျလို့ရှိရင် သူ့ကိန္နရာဖိုကို ရုပ်ကလေးတော့

မြင်ရတယ်၊ လျှပ်စစ်ကလေး လင်းတဲ့အခါ မြင်ရတယ် . . . (မှန်လှပါဘုရား)။

မြင်ရတိုင်း မြင်ရတိုင်း မကြံကောင်းတာ ကြံမိလို့ အိပ်ပျော်သေးရဲ့လား . . . (မပျော်ပါဘူးဘုရား)၊ ခင်ဗျားတို့လည်း သား သွားတယ်၊ သမီး သွားတယ်၊ ခင်ပွန်းသွားတယ် မျှော်နေပြီးသကာလ နေတဲ့အခါကျတော့ကို မကြံကောင်းတာကို ကြံနေတဲ့အတွက် အိပ်ပျော်သေးရဲ့လား . . . (အိပ်မပျော်ပါဘူးဘုရား)။

အတော်ဆိုးပါလား . . . (ဆိုးပါတယ်ဘုရား)၊ ဘယ့်နှယ်လုပ်ရပါ့မတုံး၊ ဘယ်လိုကြံရပါ့မတုံး၊ ဗွေတွေကလည်းဖောက်ကုန်ကြပြီ၊ ဘယ့်နှယ်လုပ်ပါ့မတုံး၊ ဒီဇာတ်ဘယ်လို လုပ်ပြန်သိမ်းရမတုံး၊ ဘယ်သူနဲ့စပြီး ဘာလုပ်ရမလဲ၊ ဟော . . . ကြံပြီ၊ ကြံပြီ၊ ကြံပြီပေါ့ မောင်ချစ်ဆွေ၊ အဲဒီလိုကြံလို့ရှိရင် အိပ်ပျော်နိုင်ပါဦးမလား . . . (အိပ်မပျော်ပါဘူးဘုရား)။

အိပ်မပျော်တာသွားကြည့် ခင်ပွန်းဆိုး၊ ခင်ပွန်းမဆိုးနဲ့တွေ့တဲ့ပုဂ္ဂိုလ်တွေသွားကြည့် သူတို့ အသားအရေဟာလေ အိပ်မပျော်စားမဝင်ဖြစ်ပြီးသကာလ မဟုတ်တာတွေချည့် ကြံနေတဲ့အတွက် ရုပ်ကိုခြောက်နေတယ်၊ မဟုတ်ဘူးလား၊ ဘာဖြစ်သတုံး မေးဖို့လိုသေးလား. . . (မလိုမလိုတော့ပါဘူးဘုရား)။

## ဒယ်အိုးကျအောင်သွားဦးမှာ

မလိုတော့ဘူး၊ ရုပ်ကိုခြောက်နေတာပဲ၊ ရုပ်ကိုခြောက်နေတာပဲ၊ နဂိုက အင်မတန် ဝဝဖြိုးဖြိုး ဖြူဖြူစင်စင် နေလာပြီးမှ မည်းခြောက်ကြီး ဖြစ်လာတာတွေဟာ အဲဒါမကြုံကောင်းတာကြုံလို့ဒုက္ခ ယခုစရတာရှိသေးတယ် ဟို ဒယ်အိုးကျအောင်သွားဦးမှာ မသွားပေဘူးလား . . . (သွားမှာပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မကြုံကောင်းတာကြုံလို့ရှိရင် ယခုပစ္စုပ္ပန်ခန္ဓာကိုယ်ကြီးလည်း ဒုက္ခရောက်မယ်၊ သံသရာမှာလည်း အပါယ်ရောက်ရမယ်ဆိုတော့ ကောင်းသေးရဲ့လား . . . (မကောင်းပါဘူးဘုရား)။

သွေးတွေကလည်း ခန်းမယ်၊ ကိုယ်လည်း လန်းဆန်းခြင်းမရှိတော့ဘူးတဲ့ . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား။

အဲဒါ မကြုံကောင်းတာကြုံတဲ့အတွက် အသားချောင်၊ သွေးခန်း၊ ကိုယ်မလန်းဘူးတဲ့၊ ဒါ ဝိတက်၏ တန်ခိုးတဲ့ကွ . . . (မှန်လှပါဘုရား)၊ ဟုတ်လား . . . အဲဒီတော့ကိုတဲ့ အသားအရေတွေကလည်း ချောင်ပြီကွာ၊ သွေးတွေကကော ခန်းကုန်ပြီကွာ၊ ရုပ်ရေကလည်း လန်းသေးရဲ့လား . . . (မလန်းပါဘူးဘုရား)။

## ရုပ်လွှာမလှ့ဖြစ်တတ်ကြ၏

ဒါကြောင့် "အသားချောင်၊ သွေးခန်း၊ ကိုယ်မလန်းဘဲ မကျန်းမမာ၊ လူသေနာသို့ ရုပ်လွှာမလှ ဖြစ်တတ်ကြ၏" ဝိတက်၏တန်ခိုး . . . ((မှန်ပါဘုရား)။

ဘယ်လောက်များဆိုးသတုံး . . . (ဆိုးပါတယ်ဘုရား)၊ အသားချောင်၊ သွေးခန်း၊ ကိုယ်မလန်းဘဲ မကျန်းမမာ လူသေနာသို့တဲ့ ဟိုလူသေလူနာကြီးလိုပဲတဲ့ . . . (မှန်ပါဘုရား)၊ ရုပ်လွှာမလှဖြစ်တတ်ကြ၏။

ဒါခင်ဗျားတို့ မကြံကောင်းတာကြံရင် အဲဒါကစပြီး အကျိုးပေးမယ်တဲ့ . . . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

အသားအရေတွေလည်း ချောင်ရမယ်နော်၊ ဆီးတွေ သွေးတွေကော . . . (ခြောက်ခန်းရမှာပါဘုရား)၊ ခြောက်ခန်းရမယ်တဲ့ ကိုယ်ကလည်း မလန်းဆန်းတော့ဘူးတဲ့၊ ရွှင်ရွှင်လန်းလန်း ရှိပါဦးမလား . . . (မရှိပါဘုရား)၊ မကျန်းမမာ လူသေနာသို့တဲ့ လူသေ လူနာကြီးလိုပဲတဲ့ သူ့ဟာ မာတယ်သာ ဆိုရတာကိုး ကြည့်လိုက်တဲ့အခါ လူမမာကြီးလို မြင်ရတယ် . . . (မှန်လှပါဘုရား)။

ရုပ်လွှာမလှ ဆိုးတတ်ကြ၏။ နဂိုကချောလှပြီး သကာလနေတာတောင် အကုန်ပျက်ကုန်တယ် . . . (မှန်ပါ

ဘုရား)၊ ဒါဘာပြုလို့တုံးဗျ . . . (မကြဲကောင်းတာကြဲလို့ပါဘုရား)။

ဒါ အမြတ်တွေလားဗျ . . . (အရှုံးတွေပါဘုရား)၊ အရှုံးတွေရိပ်မိပြီလား . . . အဲ အရှုံးတွေသည်ကားလို့ဆိုရင် ဒကာ ဒကာမတို့ ခင်ဗျားတို့ ခင်ပွန်းဆုံးတဲ့ ပုဂ္ဂိုလ်တွေ၊ ခင်ပွန်းမဆုံးတဲ့ ယောကျ်ားတွေ ကြည့်လိုက်လို့ရှိရင်ဖြင့် ဘာဖြစ်လို့တုံး မေးရသေးရဲ့လား . . . (မမေးရပါဘူးဘုရား)။

## ဝိတက်၏အစွမ်းသတ္တိ

တယ် . . . လူကဲခတ်ကောင်းပါလားဗျ၊ အဲဒါဘာတုံးဆိုလို့ရှိရင် သူ့စိတ်ထဲမှာ အဲဒီပုဂ္ဂိုလ်၏ **အသားချောင်၊ သွေးခန်း၊ ကိုယ်မလန်းဘဲ၊ မကျန်းမမာ လူသေနာသို့ ရုပ်လွှာမလှဆိုးတတ်ကြ၏။** ဆိုတဲ့ ဝိတက်၏ စွမ်းရည်သတ္တိကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောပြီးသကာလ ထားတာသည် မကြဲကောင်းတာကြဲလို့ သူ့မှာ ပစ္စုပ္ပန်မှာပဲ ဒုက္ခကြီးလှလှ မတွေ့ဘူးလား . . . (တွေ့ပါတယ်ဘုရား)။

သံသရာ တောထဲကျတော့ ဒီထက်ဆိုးတဲ့ ဒုက္ခရမယ်ဆိုတာ ငြင်းဆန်ဖို့လိုသေးသလား . . . (မလိုတော့ပါဘူးဘုရား)၊ အတော်ဆိုးနေပြီနော် . . . (မှန်လှပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ ဘုရားကလုံးဝ မကြဲနဲ့လို့ ဆိုတာမဟုတ်ဘူး၊ မကြဲကောင်းတာ သားရေးသမီးရေး စီးပွားရေးသာ မကြဲပါနဲ့၊ ဆွေးစရာတွေးစရာတွေ ကြဲမနေပါနဲ့ ဟုတ်ပြီလား၊ ဟောတယ်တဲ့။

## ကိန္နရာ၊ ယသော်ဓရာ

ခုနက ကိန္နရာမ ယသော်ဓရာသည်ကားလို့ဆိုလို့ရှိရင် ဖြင့် ဒကာသိုက်ရေ တစ်ညတည်းကွဲနေတာ သူတစ်ညလုံး မအိပ်ရဘူး၊ လရောင်ကလေးက သာလိုက် သူ့ကိန္နရာဖို မြင်လိုက် ဒီကမျက်ရည်ကျလိုက်ပေါ့ဗျာ . . . (မှန်လှပါဘုရား)။

ဒီအတိုင်းနေတော့ လွမ်းဆွေးနေတာ၊ မြင်လိုက်ပြန် တော့၊ မျက်ရည်ကျလိုက်၊ တစ်ညလုံးကို သူမအိပ်ဘူးတဲ့ ဘာကြောင့်တုံးဆိုလို့ရှိရင် ဒီလိုအပေါင်းအသင်း ဆက်ဆံလာပြီး ခွဲခွာနေရတဲ့အဖြစ်ဟာ လုံးဝနေရာမကျပါဘူးလို့ ကြဲနေတာကိုး . . . (မှန်လှပါဘုရား)။

## သုံးနှစ်မျက်ရည်ကျလို့ မပြီးသေးဘူး

အဲဒီကြဲနေရတော့ ဒုက္ခဒေါမနဿ နောက်ကလိုက် မလာဘူးလား . . . (လိုက်လာပါတယ်ဘုရား)၊ ဒါမပြီးသေးဘူး၊ မနက်မိုးလင်းတဲ့အခါကျတော့ ကိန္နရာဖိုက လေတွေဘာတွေ

လည်း ငြိမ်သွားတာနဲ့ သဲသောင်ပြင်ထဲကနေပြီး ဒီဘက်ကိန္နရာ မရှိရာ ပြန်လာတာတောင်၊ နောက် သုံးနှစ်မျက်ရည်ကျလို့ မပြီး သေးဘူးတဲ့ . . . (မှန်လှပါဘုရား)။

လွန်လှချည်လား၊ ဘယ်နှယ့်ဖြစ်တာတုံး သုံးနှစ် မျက်ရည်ကျလို့ မပြီးတာ စားမြုံ့ပြန်နေတာ၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## စာမှာဒီအတိုင်းလာတယ်

စားမြုံ့ပြန်နေတာ၊ ဒေါ်ရွှေတို့ နေရာကျပြီလား . . . (ကျပါပြီဘုရား)၊ သုံးနှစ်တဲ့ဗျာ၊ နောက်ငိုလို့ မပြီးသေးဘူး စာမှာ ဒီအတိုင်းလာတယ် ဒကာသိုက်ရေ၊ အဲဒီတော့ ဒီသုံးနှစ်ဆိုတာ ခင်ဗျားတို့က ပြော် . . . ဒီဥစ္စာဆိုးဝါးလှချည်လား၊ ဆိုးဝါးလှ ချည်လားလို့ ဆိုတဲ့ဥစ္စာ ခင်ဗျားတို့က ဖြုန်းခနဲဆိုလို့ရှိရင်ဖြင့် လွန် လွန် လွန်းတယ်လို့ ဒေါ်ခန့်တို့က ဆိုချင်သေးလား . . . (မဆိုချင်ပါဘူးဘုရား)။

ကိုယ်တွေ့နဲ့ တူတယ်၊ မဆိုချင်ဘူးတဲ့၊ ဘယ်လောက် ဆိုးသတုံး ဒကာ ဒကာမတို့၊ အေး . . . ဒါမကြဲကောင်းတာ ကြဲတော့ကိုတဲ့ ခု သုံးနှစ်သုံးသီး လေးနှစ် ငါးနှစ်ခြောက်နှစ် ခုနစ်နှစ်တိုင်တိုင် မြင်တိုင်း ဆွေးနေတာတွေ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ခုနေရှိရင် ဘယ်အရွယ်ရှိပြီ၊ ခုလိုဆိုရင်ဖြင့် ဘယ်ဘုရားပွဲဘယ်ပွဲမှာ ဆိုလို့ရှိရင် ဘယ်လောက်ဖြီးလိမ်းဝတ်ဆင်ပြီး သွားချင်ရှာမယ်လို့ ရှာတွေရှုပ်ကုန်ပြီ၊ မရှုပ်ပေဘူးလား . . . (ရှုပ်ပါတယ်ဘုရား)၊ ရှုပ်ကုန်ပြီ၊ ရှုပ်ကုန်ပြီ။

အဲဒီတော့ ဘာတွေ ကြံတာတုံးဗျ . . . အေး . . . မကြံကောင်းတာကြံတာ၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## သုံးနှစ်ငိုတယ်ဆိုတာများသလား

ဒါဖြင့် ခင်ဗျားတို့ ယသော်ဓရာလောင်း ကိန္နရာမသည့်ကားဆိုရင် သုံးနှစ်ငိုတယ်ဆိုတာ ဒကာသိုက်များသလား . . . (မများပါဘုရား)၊ တော်လာပြီ၊ ရိပ်မိကုန်ပြီ၊ အဲဒါ အင်မတန်ဆိုးတယ်ဆိုတာ ပေါ်လာကြပြီလား . . . (ပေါ်လာပါပြီဘုရား)။

တချို့များ သားသေသွားတယ်၊ ခုနစ်နှစ်၊ ရှစ်နှစ်တချို့လည်း ခုနစ်နှစ်၊ ရှစ်နှစ်မကဘူး ကိုယ်ပါဆုံးရှုံးတယ်၊ ဒီလိုကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အေး . . . တချို့လည်း သမီးလေး ဘာလေး ဒုက္ခရောက်တယ်၊ ကိုယ်ပါ တစ်ခါတည်း ဒုက္ခရောက်ပြီးသကာလသေခြင်းဆိုးနဲ့ သေသွားတာတွေကောမရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲဒီတော့ ဟို သုံးနှစ်သည့်ကားလို့ဆိုရင် ဒေါ်ရွှေ နည်းသေးတယ် . . . (နည်းပါတယ်ဘုရား)၊ ခု ပုထုဇဉ်တွေက ဒီထက်ပဲ ဆိုးဝါးသေးတယ်ဆိုတဲ့ဥစ္စာ ပြောဖို့မလိုတော့ပါဘူး . . . (မလိုပါဘုရား)။

တချို့ပစ္စည်းပျောက်ထားတာက ကြာလှပြီ ဟို . . . တွေးတိုင်း တွေးတိုင်းခုကို ဆွေးတုန်းရှိသေးတာတွေကောဗျာ . . . (ရှိပါတယ်ဘုရား)၊ ရှိတယ်၊ ရှိတယ်၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## မကြဲကောင်းတာကြဲရင်အပါယ်ရောက်မယ်

ဘာတုံး . . . ကြဲကောင်းတာကြဲတာလား၊ မကြဲကောင်းတာ ကြဲတာလား . . . (မကြဲကောင်းတာကြဲတာပါဘုရား)၊ ဒါဖြင့် မကြဲကောင်းတာကြဲလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဒုက္ခ၊ ဒေါမနဿ ဥပါယာသတွေ မလိုက်ဘူးလား . . . (လိုက်ပါတယ်ဘုရား)။

လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒုက္ခသစ္စာတွေဆိုတာ သဘောကျပြီလား . . . (သဘောကျပါပြီဘုရား)၊ ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ မကြဲကောင်းတာကြဲ၊ ကြဲကောင်းတာ မကြဲလို့ရှိရင် အပါယ်ရောက်မယ်။

## ကြံကောင်းတာကြံရင် နိဗ္ဗာန်ရောက်တယ်

ကြံကောင်းတာကြံလို့ရှိရင် နိဗ္ဗာန်ရောက်တယ်၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ ဒကာသိုက် နေရာကျပြီ . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့ဆိုတော့ ဒကာ ဒကာမတို့ ဒါလေး ဒီလိုကြံလိုက်ဦးမှ ထင်ပါရဲ့ ဆိုလို့ရှိရင်၊ အဲဒီကြံတဲ့စိတ်ကလေး ကို ခင်ဗျားတို့ ဖြစ်ပျက်မြန်မြန်ရှု၊ မြန်မြန်ရှု . . . (မှန်လှပါ ဘုရား)။

## အိပ်မပျော်သည့်တိုင်အောင်ရှုည်လိမ့်မယ်

ဒါလေး သားဘက်လှည့်ပြီး ကြံလိုက်ဦးမှ ထင်ပါရဲ့ လို့ဆိုရင် အဲဒါလေး မြန်မြန်ရှုပစ်လိုက် . . . (မှန်လှပါဘုရား)၊ အင်း . . . ဒီကြံတဲ့ ဝိတက်ကလေးကလည်း ဖြစ်ပြီးပျက်တာပဲ လို့ မြန်မြန်ရှုပါ . . . (မှန်လှပါဘုရား)၊ မြန်မြန်မရှုလို့ရှိရင် သူအတော်ရှည်ပစ်လိုက်မယ် . . . (မှန်လှပါဘုရား)၊ မျက်ရည် ကျသည်တိုင်အောင် ရှည်မယ်၊ အိပ်မပျော်သည့်တိုင်အောင် ရှည်မယ်၊ အပါယ်ကျသည့်တိုင်အောင် . . . (ရှည်မှာပါဘုရား)။

ဒါဖြင့် ကြံမယ်လို့ လာတဲ့စိတ်ကလေး ဘာလုပ်ရမတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ကြံမယ်လို့လာတဲ့စိတ်ကလေး တွေကို မကောင်းတာကြံမယ်လို့ လာတဲ့စိတ်ကလေးတွေကို

ဖြစ်ပျက်ရှု၊ အနိစ္စကိုကြဲမယ့်စိတ်ကလေးဆိုရင် များများပေါ်ပါ စေ၊ ဖြစ်ပျက်ကြဲတဲ့စိတ်ကလေးဖြင့် ဘာတဲ့ . . . (များများပေါ် ပါစေဘုရား)၊ များများပေါ်ပါစေ။

## မြန်မြန်ဖြစ်ပျက်ရှုပစ်

သားရေး သမီးရေး စီးပွားရေးကို ကြဲမယ့်စိတ်ကလေး လာရင် မြန်မြန်ဘာလုပ်ရမတဲ့ . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ မြန်မြန်ဖြစ်ပျက်ရှုပစ်၊ မြန်မြန် ဖြစ်ပျက်ရှုလိုက်လို့ရှိရင် သူ့နောက်က တဏှာတို့၊ ဒုက္ခတို့ ဒေါမနဿတို့ လိုက်နိုင်သေးရဲ့ လား . . . (မလိုက်နိုင်ပါဘူးဘုရား)၊ အဲဒီတော့ ဉာဏ်သာ လိုက်တော့တယ်၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မကြဲကောင်းတာ ကြဲချင်တဲ့ ဝိတက်ကလေး၊ အင်း . . . ဒါလေးကြဲစည်လိုက်ဦးမှ ထင်ပါရဲ့ဆိုလို့ရှိရင်ဖြင့် ဒီအဆင်လေးပြောင်းလိုက်ဦးမှ ထင်ပါရဲ့၊ ဒီဘက်ကူးလိုက်ဦးမှ ထင်ပါရဲ့လို့ ကြဲလို့ရှိရင် ဘာလုပ်ရမတဲ့ . . . (ဖြစ်ပျက်ရှုရမှာ ပါဘုရား)၊ ဖြစ်ပျက်ရှု။

ဒါလေး လျှောင်လိုက်ဦးမှထင်ပါရဲ့ ဆိုရင်ကော . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ရှုရလိမ့်မယ်၊ ဒေါ်ရွှေရိပ် မိပြီလား . . . (ရိပ်မိပါပြီဘုရား)၊ ပိုးပြောင်းလိုက်ဦးမှ ထင်ပါရဲ့၊ ချည်ပြောင်းလိုက်ဦးမှ ထင်ပါရဲ့ဆိုရင် ဘယ့်နှယ်လုပ်ရမတဲ့ . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဖြစ်ပျက်ရှု ဖြစ်ပျက်ရှု ဖြစ်ပျက်မရှုလို့ရှိရင် ခင်ဗျားတို့ သည့်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒါကိုလည်း တော်ကြာ ခရေစေ့ တွင်းကျ လက်ခက ဘယ်လောက်၊ ဆိုးခကဘယ်လောက်နဲ့ သွားပြီး အိပ်ပျော်တော့မှာ မဟုတ်ပါဘူး၊ မဟုတ်ဘူးလား . . . (မှန်လှပါဘုရား)။

ထုတ်ရမှာက ဘယ်လို ကြွေးကျမှာက ဘယ်လောက်နဲ့ တစ်ခါတည်း ရှုပ်ပွေပြီးသကာလ အိပ်မပျော်၊ စားမဝင် ဖြစ်မလာဘူးလား . . . (ဖြစ်လာပါတယ်ဘုရား)၊ ဟော့ မောင်ချစ်ဆွေ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## ကြံကောင်းတာကြံရင် များများကြံ

ဒါဖြင့်ကွာ မကြံကောင်းတာကို ကြံလို့ရှိရင် အဲဒီကြံလုံး ကို ဘာလုပ်ရမတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ကြံကောင်း တာကြံလို့ရှိရင်များများကြံ၊ ဟုတ်လား အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေကို ကြံချင် လို့ရှိရင်ဖြင့် ဝေဒနာတွေ၊ သညာတွေ၊ သင်္ခါရတွေဟာ ဘာတွေပါလိမ့်မတုံး စားချင်းတာလေးက ဘာပါလိမ့်မတုံး - အို စားချင်တာလေးကဖြစ်ပျက်၊

အိပ်ချင်တာလေးက ဘာပါလိမ့်မတုံး . . . (ဖြစ်ပျက် ပါဘုရား)၊ အိပ်ချင်တဲ့ စိတ်ကလေးကိုဗျ၊ သူလည်းဖြစ်ပျက်တာ ပေါ့ . . . (မှန်လှပါဘုရား)။

သွားချင်တာလေးက ဘာပါလိမ့်မတုံး (ဖြစ်ပျက်ပါဘုရား)၊ ဘယ်နှယ်ကြောင့် သွားချင်ပါလိမ့်မတုံးလုပ်မနေနဲ့. ဒါလေးဟာ အနိစ္စလေးပဲ၊ စားချင်တာလေးဟာ ဘာကြောင့် စားချင်ပါလိမ့်မလဲလို့. လုပ်မနေနဲ့. စားချင်တာလေးဟာ သွေးတောင်းတယ် လုပ်မနေနဲ့.၊ သွေးက ဘယ်လိုမှ မတောင်းဘူး သွေးဆိုတာ ရုပ်တရား (မှန်လှပါဘုရား)၊ ဘယ်လိုမှ မတောင်းဘူး ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## ဖြစ်ပျက်သာရှုပေးပါ

အဲ့ဒါ ဖြစ်ပျက်သာ ရှုပေးပါ အဲ့ဒီကဲ့သို့ဖြစ်ပေါ်လာတဲ့ စိတ်ကလေးကို ဖြစ်တာ၊ ဖြစ်ပျက် ရှုပေးလိုက်လို့ရှိရင်ဖြင့် ဖြစ်ပျက်ဟာ ဒုက္ခသစ္စာကဖြစ်မှာပဲ (မှန်လှပါဘုရား) ရှုတဲ့ဉာဏ်ဟာ မဂ်ဉာဏ်လာဖြစ်မှာပဲ၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

အဲ့ဒီကဲ့သို့ ဒကာဒကာမတွေ လာတဲ့စိတ်ကလေးသည် ကားလို့ဆိုလို့ရှိရင် ဖြင့် ဒါလေးဟာ အနိစ္စလေးလား၊ နိစ္စလေးလားကြံ ကြံပေးကြက္ကာ၊ ဝေဒနာလေးလား ဖြစ်ပျက်လေးလား ဖြစ်ပျက်လေးလား . . . (ဖြစ်ပျက်လေးပါဘုရား)။

သညာလေးလား၊ ဖြစ်ပျက်လေးလား (ဖြစ်ပျက်လေးပါဘုရား)၊ စိတ်ကလေး၊ ဖြစ်ပျက်လေးလား . . . (ဖြစ်ပျက်လေးပါဘုရား)၊ ရုပ်ကလေးလား . . . ဖြစ်ပျက်ကလေးလား (ဖြစ်

ပျက်လေးပါဘုရား)၊ ကားလေးလား ဖြစ်ပျက်ကလေးလား (ဖြစ်ပျက်လေးပါဘုရား)၊ အကုန်ဖြစ်ပျက် ဖြစ်အောင်လုပ်။

ဘာပြုလို့တုံး . . . သဗ္ဗေ သင်္ခါရာ ဒုက္ခကိုး၊ သဗ္ဗေ သင်္ခါရာ အနိစ္စဆိုတော့ အကုန်အနိစ္စ ချည်ပဲဆိုတာသဘောကျပြီလား . . . (ကျပါပြီဘုရား)။

အနိစ္စဆိုတာ ဖြစ်ပြီးပျက်တာ အနိစ္စခေါ်တယ် ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## မကြံကောင်းတာကြံရင်

အဲဒီတော့ ဒီခင်ဗျားတို့ မကြံကောင်းတာကြံလို့ရှိရင်လည်း ဓမ္မပဒပါဠိတော်မှာ

**"ဝိတက္ကမထိတဿဇန္တုနော၊ တိဗ္ဗ ရာဂဿ သုဘာနုပဿိနော၊ ဘိယျောတဏှာပဝဍ္ဎတိ၊ ဧသဒဠှံ ကရောတိ ဗန္ဓနံ"**

ဘုရားကဟောပြန်တယ်။

ဝိတက္ကမထိတဿဇန္တုနောတဲ့၊ ကာမဝိတက်စသည့် စိတ်နှင့် နှိပ်စက်ထွေးလုံး ရစ်ပတ်ဖုံး၍ နေသောပုဂ္ဂိုလ်အားတဲ့၊ သားရေး သမီးရေး၊ စီးပွားရေး၊ ကြံနေတဲ့ ပုဂ္ဂိုလ်အားတဲ့ တိဗ္ဗရာဂဿတဲ့ ထက်မြတ်ထူးကဲသော ရာဂရှိသော ပုဂ္ဂိုလ်အားတဲ့ သုဘာနုပဿိနောတဲ့ ဘယ်ဟာလေးဖြစ်ဖြစ် ကြည့်လိုက်ရင်

ကိုယ့်စိတ်ထဲလှချည့် နေတာပဲတဲ့ သားလေးကြည့်လိုက်ရင်လည်းလှ၊ သမီးလေးကြည့်လိုက်ရင်လည်းလှ၊ လှတယ်ဆို့လို့ရှိရင် ခင်လာတယ် (မှန်ပ့ါဘုရား)။

သားဘက်ကြဲလိုက်ရင်လည်း သူလည်း အရုပ်ဆိုးပေမယ့် စိတ်ကကောင်းတယ်၊ စိတ်ဆိုးပေမယ့် ရုပ်ကလေးကတော်သေးတယ်၊ လှည့်ကြဲနေတာကိုး . . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

အံ့မယ် ကိုယ့်သား ကိုယ့်သမီးကလေးများ ရှေ့ကကြည့်ကြည့် နောက်ကကြည့်ကြည့် ဘယ့်နှယ်နေကြသတုံး . . . (လှနေပါတယ်ဘုရား)။ ကြဲကြည့်တာကိုး၊ဗျ၊ဝိတက်သဘောပေါ်လာကြပြီလား (ပေါ်လာပါပြီဘုရား)။ ဝိတက်သဘော ပေါ်လာကြပြီ။

## တင့်တယ်တာချည့်ပေါ်တယ်

အဲ့ဒီကဲ့သို့ ကြဲတဲ့ပုဂ္ဂိုလ်က သုဘဆိုတာကြီးဟာ ကိုယ့်သားသမီးကလေးတွေ လျှောက်ပြီးကြည့်လိုက်တဲ့အခါကျတော့ မတင့်တယ်တာကို မပေါ်ဘူးတဲ့ ဒကာသိုက်ရေ . . (မှန်လှပါဘုရား)၊ တင့်တယ်တာချည့်ပေါ်တာပဲတဲ့။

အရုပ်ဆိုးပေမယ့်လည်း အရုပ်ဆိုးဆိုးနဲ့ လိမ္မာတယ်ဆိုပြီး တင့်တယ်တာပေါ်လာတယ် . . . (မှန်လှပါဘုရား)၊

စိတ်ကလေးကတော့ဖြင့် နည်းနည်းမကောင်းဘူး၊ မကောင်းပေမယ့် ရုပ်ရည် ရူပကာယက သနားကမားက လာသေးတယ်။ ဒီလိုလှည့်ပြီး ကြံလာတာ။

## တဏှာကနောက်ကလိုက်လာတယ်

အဲ့ဒီလိုကြံလာလို့ရှိရင် ဘိယျောတဏှာပဝတတိ - ပေါတဏှာ၊ နောက်က အကုန်လိုက်တာပဲတဲ့၊ အင်းမဟုတ်လည်း ခင်ရမှာပဲ၊ ဟုတ်လည်း ခင်ရမှာပဲ ဖြစ်လာပြီကိုဆိုတော့ တဏှာက နောက်မလိုက်ဘူးလား လိုက်သလား (လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ရှေးက ဝိတက်က ချောတယ်၊ လှတယ်လို့ကြံ၊ နောက်က တဏှာကခင်၊ ဒီလိုမနေဘူးလား . . . (နေပါတယ်ဘုရား)။

အဲ့ဒီတော့ "ဘိယျောတဏှာ ပဝဍ္ဍတိ၊ သေဒင့္ ကရောတိဗန္ဓနံ" တဲ့။

သေ - ဤခင်သောပုဂ္ဂိုလ်အားတဲ့ ဒဠှံ - မြဲမြံသည်ကို ကရောတိ-ပြု၏တဲ့ တစ်ခါတည်း ချည်တော့တာပဲတဲ့၊ ခင်ဗျား ကျုပ် ကျွန်ဖြစ်တော့ ကျုပ်ခိုင်းသလို ခင်ဗျားလိုက်နာတော့ ဆိုပြီး ဟိုက အာရုံကနေပြီး သားတည်းဟူသော အာရုံ သမီးတည်းဟူသော အာရုံက ခင်ဗျားတို့တစ်သက်လုံး ကျုပ်တို့

ကို လုပ်လည်းကျွေးပါ အိုစာမင်းစာ ကျုပ်တို့အတွက်လည်း မြေထဲရင်လည်း မြှုပ်ထားခဲ့ပါ၊ အမွေရင်လည်း ပေးခဲ့ပါဆိုပြီး တစ်ခါတည်း ဒီကဘယ်မှ မပြေးနဲ့တော့ ဆိုတာ သူတို့က ချည်ပြီးသား ဖြစ်သွားလိမ့်မယ်။ (မှန်ပါဘုရား)။

## ငယ်ငယ်တုန်းကတော့ ကျွန်၊ ကြီးတော့ သပေါက်

ဘယ်လောက်ဆိုးသတုံး (ဆိုးပါတယ်ဘုရား)၊ ငယ်ငယ်တုန်းကတော့ နို့ချိုတိုက်ကျွေးပြီး သကာလ သူကောင်းကောင်း အိပ်ပါစေတော့ ကိုယ်ကောင်းကောင်း မအိပ်ရချင်နေပါစေ၊ ကြီးလာတဲ့အခါကျတော့ သူတို့ဖို့ မတျန်ရင် ငါတော်ပဲ့မလား၊ အံမယ် ငယ်ငယ်တုန်းကတော့ ကျွန်၊ ကြီးတော့သပေါက်များ လုပ်လိုက်သေးတယ်။

ကြံဖန်များလာ ပကောဗျာ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ အတော်မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။

ဒါ -ဒေါ်ရွှေဟောနေတာမဟုတ်ပါဘူး ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ ကြံပါများရင် ခင်ဗျားတို့ ကိုယ်သားကလေးဖြစ်ဖြစ်၊ ကိုယ့်သမီးကလေး ဖြစ်ဖြစ် ကြံပါများရင် သူတို့ချောလှပြီးလာလိမ့်မယ်၊ လာရင် နောက်က တကျာလာမယ်တဲ့ (မှန်လှပါဘုရား)။

## သံသရာထဲက မထွက်နိုင်အောင်ချည်တယ်

တဏှာလာလို့ရှိရင်ဖြင့် ခင်ဗျားတို့ သူတို့က ခင်ဗျားတို့ကိုတဲ့ ချည်ထားတော့မယ်တဲ့ ခင်ဗျားဒီက ဘယ်မှမသွားနဲ့တော့ဆိုပြီး သံသရာထဲမှာ ခင်ဗျားတို့ကိုမထွက်နိုင်အောင် ချည်ထားတော့မယ်၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သူတို့အတွက် ကြံဖန်များရင် ကြံဖန်များတာက ဝိတက်၊ ကြံဖန်များရင် ခင်တယ်၊ ခင်ရင် တဏှာလိုက်မလာပေဘူးလား . . . (လိုက်လာပါတယ်ဘုရား)။

ဒါဖြင့် အဲ့ဒီ ကြံစိတ်ကို သူတို့အတွက် ကြံတဲ့ ကြံစိတ်ကလေးကို ဘာလုပ်မတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ အဲ့ဒီကြံစိတ်ကလေးကို ဒကာ ဒကာမတွေက ဖြစ်ပျက်ရှုနိုင်ရင်နောက်က တဏှာမလိုက်ဘူး၊ မောင်ချစ်ဆွေရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မကြံပါနဲ့လို့တော့မရဘူး၊ ကြံချင်လည်းကြံ၊ ကြံတဲ့စိတ်ကလေးကို တစ်ခါတည်း ဖြစ်ပြီးပျက်တဲ့အနိစ္စကလေးကို မရှုဖြစ် မရှိကြပါနဲ့ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အဲ့ဒီကဲ့သို့ စီးပွားရေးကြံကြံ၊ သားရေးကြံကြံ၊ သမီးရေးကြံကြံ၊ ပစ္စည်းရေးကြံကြံ၊ အိမ်ရေးကြံကြံ ဟုတ်လား ဝတ်ရေးစားရေးဘဲ ကြံကြံ ကြံတာဟူသ၍ ဘာလုပ်ရမှာတုံး (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## ဟဒယဝတ္ထုပေါ် ဉာဏ်လှည့်လိုက်ပါ

ဒီကြဲလုံးကလေးသည် ဖြစ်ပြီးပျက်တဲ့ အနိစ္စကလေးပဲ အဲ့ဒါကျတော့ ဟဒယဝတ္ထုပေါ် ဉာဏ်ကလေးလှည့်လိုက်ပါ၊ ဟဒယဝတ္ထုပေါ်ကနေ ကြဲတာကိုးဗျ (မှန်လှပါဘုရား)၊ အဲ့ဒီ အပေါ်မှာ သူ့သချိုင်းရှိတယ်၊ ဒီပေါ်မှာ မွေး ဒီအပေါ်မှာသေ၊ ဒီလို ဒကာ ဒကာမတွေက ရှုရှု ရှုရှုပေးလိုက်မယ်ဆိုလို့ရှိရင်ဖြင့် နဖူးပေါ်လက်တင်ရင် သူအရင်လာတတ်တယ်နော် . . . (မှန်လှပါဘုရား)။

လာရင် သူ့ကို ဘာလုပ်ပစ်မတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ သူ့ကိုတစ်ခါတည်း ဖြစ်ပျက်သာ ရှုပစ်လိုက်မယ်ဆိုရင်ဖြင့် ဒကာ ဒကာမတို့ သုံးနှစ် သုံးလီ ငိုစရာဆွေးစရာတွေ လာသေးရဲ့လား (မလာတော့ပါဘူးဘုရား)။

အဲ့ သူ့ဘက်ကလည်း လှည့်ကြည့်လိုက်ပါရော ဒကာ သိုက်ရေ ကြဲတဲ့စိတ်ကလေးကိုပင်လျှင် ဆရာဘုန်းကြီးကမှာ ထားတယ်၊ ဘုရားကဟောထားတယ်၊ ဖြစ်ပျက်ရှုပါလို့ မဟောဘူးလား . . (ဟော်ပါတယ်ဘုရား)။

ဒါကြောင့် ဖြစ်ပျက်ရှုပါလို့တော့ ပါဠိတော်က ဘယ်လို ဟောထားသတုံးဆိုတော့ ရူပ ဝိတက္ကော လောကေ . . . ဓမ္မဝိတက္ကော ပိယရူပံ သာတရူပံ ဧတေ သာသနာ ပဟီယမာနာ ပဟီယတိ ။

## ဖြစ်ပျက်ရှုမှ တဏှာကသေတာ

သူ့နောက်က တဏှာလိုက်လာလိမ့်မယ်တဲ့၊ အဲ့ဒီ တဏှာပယ်လိုက်၊ အဲ့ဒီတဏှာ ဒီအတိုင်းပယ်လို့မရဘူး၊ ဝိတက် ဖြစ်ပျက်ရှုမှ တဏှာက သေတာ၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီ ဘုရား)။

ဝိတက်ဖြစ်ပျက်မရှုရင် . . . (တဏှာမသေပါဘူး ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ မကြံပါနဲ့ဆိုလို့ မရတာတောင်မှ မပူပါနဲ့ . . . (မှန်လှပါဘုရား)၊ ကြံတဲ့စိတ် ကလေးကို ဖြစ်ပျက်နောက်ကနေ ဉာဏ်လေးလိုက်လိုက် လိုက် လိုက်ပေးမယ်ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ အင်မတန် နေရာကျ မယ်ဆိုတာ သဘောကျပြီလား . . . (သဘောကျပါပြီဘုရား)။

## သီရိလင်္ကာကျွန်းက ဘိက္ခုနီမ

ဒီကြံလုံးနဲ့ပဲ သေတာတွေ သီရိလင်္ကာကျွန်းမှာ တစ်ခု သော ဂူကလေးထဲမှာ တစ်ခါတည်း ဒီဇာတ်စုံ အရုပ်ကလေး တွေခင်းတယ်၊ ဇာတ်စုံအရုပ်ကလေးတွေခင်းထားတော့ ပန်းပု သမားကလည်း ခြယ်ခြယ်လှယ်လှယ် ထုပြီး သကာလထား တော့ မောင်ချစ်ဆွေ အရုပ်ကလေးတွေက လူပုံဖြစ်လည်း လူနဲ့ သိပ်တူပေါ့ကွာ၊ အဖိုးကြီးပုံဖြစ်် အဖိုးကြီးပုံ၊ အဖွားကြီးပုံဖြင့် အဖွားကြီးပုံ၊ အပျိုရွယ်ကလေးပုံဖြင့် အပျိုရွယ်ကလေး၊ လူပျို

ရှယ်ကလေးပုံဖြင့် လူပျိုရှယ်ကလေး၊ ကလေးပုံဖြင့် ကလေးပုံ အတိုင်းဆိုတော့ ထုထားတာကလည်း လူလောက်ရှိပြန်၊ ပုံတွေ ကလည်း ဟန်ကျပန်ကျ ဖြစ်ပြန်ဆိုတော့ အရုပ်က လူပုံ သဏ္ဍာန် ဖန်ဆင်းပြီး သကာလ နေတော့ ဒီဘိက္ခုနီမတွေက အလည်သွားကြတယ်။

ဒီဂူထဲမှာ အရုပ်တွေက အင်မတန်လှသတဲ့ဆိုပြီး သကာလ သူတို့စိတ်ထဲမှာ သွားချင်တဲ့ ဆန္ဒက သွားချင်တဲ့ အကြံအစည်တွေက သိပ်များတာနဲ့ ဘိက္ခုနီမကလေးတွေ အလည်သွားကြတယ်။

## သွားကိုင်ရင်း မတ္တနဲ့ သေသွားတယ်

အဲ့ဒီ အလည်သွားကြတဲ့အခါကျတော့ ဘိက္ခုနီမ တစ် ယောက်က ဒီအရုပ်ကလေးကို သွားပြီး သကာလ တကယ့်လူ လောက်ဖြစ်နေတော့ အင်မတန်ပဲ ခြယ်လှယ်ထားတဲ့ အရုပ် ကလေးဖြစ်တော့ သွားကိုင်တယ်၊ သွားကိုင်ရင်း မတ္တနဲ့ မောင်ချစ်ဆွေ အဲဒီမှာ သေဆုံးသွားတယ်။

သွားကိုင်ရင်း ကြံစည်ရင်း မတ္တနဲ့ ခုနက အလုံးဆို့ပြီး ခင်ဗျားတို့ အပြောအတိုင်း အလုံးဆို့ပြီး ဒေါမနဿဖြစ်ပြီး သေတာပေါ့ဗျာ . . . (မှန်လှပါဘုရား)။

အဲ့ဒီတော့ ကြံစည်တဲ့ ဝိတက်နောက်ကလည်း ဒေါမန
ဿကလည်း သတ်တယ် . . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား
. . . (ရိပ်မိပါပြီဘုရား)။

## ဖြစ်ပျက်မရှုနိုင်ရင် ၊ သေဦးမှာပဲ

ဒါဖြင့် ကြံစည်ရင် နောက်က ဒေါမနဿလိုက်တာကို
လည်း ဒီကြံစည်တဲ့ ဝိတက်ကိုမှ ခင်ဗျားတို့က ဒေါသမဿလိုက်
တာကိုလည်း ဒီကြံစည်တဲ့ ဝိတက်ကိုမှ ခင်ဗျားတို့က ဖြစ်ပျက်
မရှုနိုင်ရင်တော့၊ ခင်ဗျားတို့လည်း သေဦးမှာပဲ၊ မသေဘူးလား
. . . (သေမှာပါဘုရား)။

အိုခင်ဗျားတို့အတွက် စိုးရိမ်တာကတော့ မပြောပါနဲ့
တော့၊ ခင်ဗျားတို့က သေခါနီးတောင်မှ သားလေး ဘယ်အိမ်
နေရမတုံး၊ သမီးလေးဘယ်အိမ် နေရမတုံးလို့ကြံသေး၊ အင်း
. . . အသက်ထွက်ကောင်းချင်လို့လား၊ အသက်ထွက်ဆိုးချင်
လို့လား . . . (အသက်ထွက်ဆိုးချင်လို့ပါဘုရား)။

အဲ . . . ဆိုးချင်ဆိုး ခင်ဗျားတို့က ဒီဥစ္စာ ဝိတက်ကိုမှ
ဖြစ်ပျက် မရှုနိုင်လို့ရှိရင်ဖြင့် အသေခြင်းဆိုး သေလိမ့်မယ်၊
သဘောကျပြီလား . . . (သဘောကျပါပြီဘုရား)။

သေခြင်းဆိုးသေလို့ အမျိုးမျိုး အဖုံဖုံ ဒုက္ခမရောက်ပေ
ဘူးလား . . . (ရောက်ပါတယ်ဘုရား)၊ အဲ့ . . . အဲဒီတော့

ဒကာ ဒကာမတို့ ဒီဝိတက်ဟာလည်း အတော်ဆိုးတယ်ဆိုတာ သဘောကျပြီလား . . . (သဘောကျပါပြီဘုရား)။

## ကောင်းတဲ့ဘက်ကကြည့်ရင် မဂ္ဂင်ဆိုက်တယ်

ဆိုးတဲ့ဘက်ကနေကြည့်ရင် အင်မတန်ဆိုးတယ်၊ ကောင်းတဲ့ဘက်ကနေကြည့်တော့လည်း မဂ္ဂင်ဆိုက်တယ်၊ ကောင်တဲ့ဘက်က ဝေဒနာတွေ၊ သညာတွေ၊ သင်္ခါရတွေ၊ ရုပ်နာမ်တွေကိုဖြင့် ကြဲစည်မယ်ဆိုလို့ရှိရင်ဖြင့် ဒါတွေဟာ ဘယ့်နှယ်ကြောင့် ဒါတွေဟာ ဘာတွေပါလိမ့် မတုံးဆိုတော့ ဩော် . . . ဒါတွေဟာ ဘယ်နှယ်ကြောင့် ဒါတွေဟာ ဘာတွေ ပါလိမ့်မတုံးဆိုတော့ ဩော် . . ဒါတွေဟာ အနိစ္စတွေပဲလို့ များ ကြဲစည်မိမယ်ဆိုလို့ရှိရင်လည်း ကောင်းတဲ့ဘက်ကတော့ မဂ္ဂင်ပေါ်လာတယ် . . . (မှန်ပါဘုရား)၊ သူသည်ပင်လျှင် မဂ္ဂင်ပဲ အဲ့ဒီကျတော့ ဝိတက်သည်ပင်လျှင် မဂ္ဂင်ပဲ ရိပ်မိကျပြီ လား . . . (ရိပ်မိပါပြီဘုရား)။

## ဘိက္ခုနီမတော့ စိတ်ကူးနဲ့သေတယ်

မကောင်းတဲ့ဘက်က ကြဲလိုက်စည်လိုက်ပြီဆိုမှဖြင့် လည်း ခုနက ဘိက္ခုနီမလိုပဲ စိတ်ကူးနဲ့သေတာပဲ . . . (မှန်လှ ပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

မကောင်းတဲ့ဘက်ကကြဲပြန်တော့လည်း စိတ်ကူးနဲ့သေ နိုင်တယ်ဆိုတော့ ဝိတက်သတ်လိုက်တာ၊ ကောင်းတဲ့ ဘက်က ကြဲလိုက်ပြန်တော့လည်း ဝိတက်ကြောင့် နိဗ္ဗာန်ရောက်တယ်။

ဒါဖြင့် ဒီဝိတက်သည် ဒကာ ဒကာမတို့ ဆရာဘုန်းကြီး က ယခုဆုံးမနေတယ်၊ ခင်ဗျားတို့သည် ယနေ့ည စတွေ့မှာပဲ အိပ်ယာဝင်တော့မယ်ဆိုရင် သူလာတော့မယ်၊ ဘာလေးသိမ်း စရာရှိသေးတယ်ထင်ပါရဲ့ ဘာလေးဖိမှ ဖိခဲ့မိရဲ့လား၊ တံခါးမှ ပိတ်မိရဲ့လား၊ မင်းတုပ်မှ ထိုးခဲ့မိရဲ့လား၊ လာလိမ့်မယ်၊ လာလိမ့် မယ် ခင်ဗျားတို့ မလာပေဘူးလား (လာပါတယ်ဘုရား)။

အဲ့ဒါတွေ လာတိုင်းလာတိုင်း ဘာလုပ်ရမလည်း (ဖြစ်ပျက်ရှုရမှာဖြစ်ပါတယ်ဘုရား)၊ အင်းဒီကြဲစည်လုံးကလေး လည်း ဖြစ်ပျက်ပဲအနိစ္စကလေးတွေ ပေါ်လာပြီ၊ အနိစ္စကလေး တွေ ပေါ်လာပြီဆို ဒကာ ဒကာမတွေက ရှုရှု ရှုရှုပေးမယ်ဆိုလို့ ရှိရင်ဖြင့် ဒါဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ခေါ်သည်။ ရှင်းပြီ လား . . . (ရှင်းပါပြီဘုရား)။

## ရှေ့စိတ်ကို နောက်ဉာဏ်နဲ့ရှုပေးပါ

ဓမ္မာနုပဿနာ၊ သတိပဋ္ဌာန်လို့ခေါ်သည်။ ဒါဖြင့် ရှေ့စိတ်ကို နောက်ဉာဏ်နဲ့ ရှုရှုပေးပါ၊ ရှေ့ကကြဲတိုင်းကြဲတိုင်း၊ နောက် ဘာလိုက်ရမတုံး၊ ကြဲလုံးကလေးကဖြစ်ပျက်ပဲ၊ ကြဲလုံး

ကလေးက ဖြစ်ပျက်ပဲလို့ နောက်ကလိုက်ပေးမယ်ဆိုလို့ရှိရင် ခုနတ ဘိက္ခုနီမလိုပဲ သေစရာရှိရဲ့လား . . . (မရှိပါဘူးဘုရား)

ဟို စန္ဒကိန္နရီ တို့လိုပဲ သုံးနှစ်သုံးသီး ငိုစရာရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

## အငိုလွတ်၊ အသေလွတ်အောင် ဖြစ်ပျက်ရှု

ဒါဖြင့် အငိုလွတ် အသေလွတ် ဖြစ်ချင်လို့ရှိရင်ဖြင့် ကြဲလုံးကလေးကိုဖြစ်ပျက်ရှုပေး သဘောကျပြီလား . . . (ကျပါပြီဘုရား)။ ဒီကြဲလုံးကိုမှ ခင်ဗျားတို့ ဖြစ်ပျက်မရှုနိုင်တော့ဘူး၊ သားရေး သမီးရေး စီးပွားရေးတွေနဲ့ပဲ ကြဲပြီးသကာလ နေကြမယ်ဆိုလို့ရှိရင်ဖြင့် အသေလည်းလာပါလိမ့်မယ်၊ အငိုကော . . . (လာမှာပါဘုရား)။

အငိုရှေ့သွား၊ အသေနောက်လိုက် အငိုနဲ့အသေတွဲလာမှာပဲ . . . ဘယ်လောက်ကြောက်စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)။ စန္ဒကိန္နရီတို့ တစ်ည ကွဲတာနဲ့ ကြဲဖန်ပြီးတော့ သုံးနှစ်လောက်ငိုတယ်ဆိုတော့ ပြီးသေးရဲ့လား. . . (မပြီးပါဘူးဘုရား)။

အဲဒီလို သုံးနှစ်လောက်သာငိုရတယ် သူ့မှာတစ်ည တည်း ကွဲတာ၊ နောက်မှာလည်း ပေါင်းသင်းဆက်ဆံရေးရှိလျက်ပဲ၊ ရှိတာတောင်မှ တစ်နေ့ ကွဲခဲ့ရတာဟာ တောင်ကြီးခြား

သလောက် သူ့မှာ (၁၀)နှစ်လောက်မှတ်ပြီးသကာလ ဆွေးပြီး ငိုနေတာကြဲလို့ပေါ့ဗျာ . . . (မှန်လှပါဘုရား)။ ဘယ်လောက် ဆိုးသတုံး . . . (ဆိုးပါတယ်ဘုရား)။

## ဖြစ်ပျက်ကိုနှစ်မျိုးမှတ်ကြပါ

တဲ . . . ဒါဖြင့် ဒကာ ဒကာမတွေကြဲလုံးပေါ်လာ တိုင်း ပေါ်လာတိုင်း ဘာလုပ်ရမတုံး . . . (ဖြစ်ပျက်ရှုရမှာ ပါဘုရား)၊ ဒါက ဖြစ်ပျက်ကို နှစ်မျိုးမှတ်ကြပါ၊ သားရေး သမီးရေး စီးပွားရေးကြဲတဲ့ ဝိတက်ကြဲရင် ဖြစ်ပျက်ရှု၊ ရုပ်နာမ် ပေါ်တဲ့ ရုပ်တွေဖြစ်ပျက်၊ နာမ်တွေဖြစ်ပျက်၊ ရုပ်တွေကဘာပါ လိမ့်မတုံး၊ ဝေဒနာတွေက ဘာပါလိမ့်မတုံး၊ သညာတွေက ဘာပါလိမ့်မတုံးလို့၊ ဝေဒနာတွေက ဘာပါလိမ့်မတုံး၊ သညာ တွေက ဘာပါလိမ့်မတုံးလို့ အင်း ဖြစ်ပျက်တွေပဲလို့ကြဲတဲ့ ဝိတက်တွေကျတော့ ခင်ဗျားတို့ ဖြစ်ပျက်သွားမရှုနဲ့ အဲ့ဒါက တော့ လုပ်ဖို့ကို အားပေးရတယ်၊ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။

## ၁။ ခဏခဏကြဲပေးပါ

ဝိတက်က ဒိပြင်တရားနဲ့မတူဘူး ကိုထွန်းအောင်ရ ဒီဝိတက်က ကောင်းတဲ့ဘက်ကိုကြဲတဲ့အခါကျလို့ရှိရင်ဖြင့်

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် ဘာပါလိမ့်မတုံး ဖြစ်ပြီးပျက်တဲ့တရားတွေပဲလို့ အဲ့ဒီလိုကြဲတဲ့ဝိတက်ကျတော့ကို ခဏခဏကြဲပေးပါ . . . (မှန်လှပါဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## ၂။ ခဏခဏရှုပေးပါ

သားရေ သမီးရေး စီးပွားရေး ဝိတက်ကျလာတော့ ခဏခဏဖြစ်ပျက်လုပ်ပါ၊ သူဟာ အနိစ္စပဲ၊ သူဟာဒုက္ခပဲ၊ သူဟာ အနတ္တပဲလို့ ခင်ဗျားတို့ ခဏခဏရှုပါ၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

သားရေး သမီးရေး စီးပွားရေးကြဲတဲ့ဝိတက်ကျတော့ ဘာလုပ်ရမှာတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုရမယ်၊ ဝေဒနာလေးဟာ ဘာပါလိမ့်မတုံး ဖြစ်ပျက်ပဲ၊ သညာလေးဟာ ဘာပါလိမ့်မတုံး ဖြစ်ပျက်ပဲလို့ ဒီလိုရှုတဲ့ဝိတက်မျိုးကျတော့ ခဏခဏဝိတက်ပေါ်ပါစေ၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆက်ကြည့်ရမယ့် ဝိတက်ကတစ်မျိုး၊ ခဏခဏ ပေါ်ခွင့်ပေးရမယ့် ဝိတက်ကတော . . . (တစ်မျိုးပါဘုရား)။

ဒါဖြင့် ဝိတက်သည်ကားလို့ဆိုလို့ရှိရင် ဒကာ ဒကာမတို့ အသုံးချလို့ရတဲ့ ဝိတက်လည်းရှိသေးတယ်၊ အသုံးချလို့ မရတဲ့

ဝိတက်ကော . . . (ရှိပါတယ်ဘုရား)၊ အဲ့ဒါကြောင့် ဒုက္ခသစ္စာ ပေးမယ့် ဝိတက်ကိုတော့ မြန်မြန်ရှုပစ်ပါ ဟုတ်လား၊ မျက်ရည် ကျမယ်၊ သေခြင်းဆိုးသေရမယ့် အကြံမျိုး ကျလာတဲ့ဝိတက်မျိုး ဘာလုပ်ရမတုံး . . . (မြန်မြန်ရှုပစ်ရမှာပါဘုရား)။

## ဖြစ်ပျက်ကဒုက္ခသစ္စာ

ကြံလိုက်ရင်လည်း ဒီကြံလုံးကလေးဟာ ဘာပါလိမ့် မလဲဆိုလို့ရှိရင် သူလည်း အနိစ္စလေးပဲ၊ ဝိတက်ဆိုတာလည်း တစ်၊ နှစ်ဆိုပျက်တာပဲ အနိစ္စတရားလေးပဲလို့ ဒကာ ဒကာမတွေ ကြံကြံပြီး ဖြစ်ပျက်ကလေးသာ နောက်ဉာဏ်နဲ့ ရှုပေး . . (မှန်လှပါဘုရား)။

## ရှုတဲ့ဉာဏ်ကမဂ္ဂသစ္စာ

နောက်ဉာဏ်နဲ့ ရှုပေးလိုက်တော့ အဲ့ဒီဝိတက်ဖြစ်ပျက် က ဒုက္ခသစ္စာ၊ ရှုတဲ့ဉာဏ်က (မဂ္ဂသစ္စာပါဘုရား)၊ ခုနက မျက်ရည်ကျမှုဟုတ်လား ဆွေးမှု အိပ်မပျော်မှုတွေက သမုဒယ ချုပ်တာ . . . (မှန်လှပါဘုရား)၊ အဲ့ဒါတွေ ချုပ်သွားတဲ့အခါကျ တော့ကို သမုဒယချုပ်တယ်ဆိုကတည်းက အို နာ သေမွဲ ကွဲ လွတ်တာက . . . (နိရောဓသစ္စာပါဘုရား)။ နိရောဓသစ္စာ သဘောကျပြီလား . . . (သဘောကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိတက်သည်ကားလို့ ဆိုလို့ရှိရင် ဖြစ်ပျက်ရှုရမယ့် ဝိတက်ကတစ်မျိုး၊ ပေါ်အောင်အားထုတ်ရမယ့် ဝိတက်က (တစ်မျိုးပါဘုရား)

## ဒီဝိတက်မျိုးကျတော့ ကြံသာကြံပါ

အဲ . . . ရုပ် နာမ်ဓမ္မတွေကျတော့ဖြင့် ဒါတွေဟာ ဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့်၊ ဘယ်နှယ့်ကြောင့် ပျက်ပါလိမ့်၊ ဒါတွေဟာ ဘာတရားတွေပါလိမ့်မတုံး၊ ဒါတွေဟာ အနိစ္စတွေပဲ၊ ဒါတွေဟာ ဒုက္ခတွေပဲ၊ အနတ္တတွေပဲလို့ ကြံတဲ့ ဝိတက်မျိုးကျတော့ မောင်ချစ်ဆွေကြံသာကြံ . . . (မှန်လှပါဘုရား)၊ ခဏ ခဏ ပေါ်ပါစေ၊ သဘောကျပြီလား ဒကာ ဒကာမတို့ . . . (သဘောကျပါပြီဘုရား)။

ဒါဖြင့် အကယ်၍ ခင်ဗျားတို့သည် မကြံကောင်းတာ ကြံလို့ရှိရင်ဖြင့် သမုဒယကြီးတွေ ဝိုင်းချည်တော့မယ်၊ ကြံကောင်းတာကြံလို့ရှိရင် သမုဒယကြီးတွေ အကုန်ပြတ် ဒီနှစ်ချက်ကိုလည်း မှတ်ပါဦး။

မကြံကောင်းတာကြံလို့ရှိရင် သမုဒယကြီးတွေဘာတုံး (ဝိုင်းချည်မှာပါဘုရား)၊ ကြံကောင်းတာကြံလို့ရှိရင် (သမုဒယကြီးတွေ ပြတ်ပါတယ်ဘုရား)။

အဲ . . . ဒါဖြင့် ကြိုးချည်ထားတဲ့ ကြိုက်သလား ပြတ်ထွက်သွားတာ ကြိုက်သလား . . . (ပြတ်ထွက်သွားတာကြိုက်ပါတယ်ဘုရား)၊ ဒါဖြင့် သားရေး သမီးရေး၊ စီးပွားရေး ကိုမကြံနဲ့ ၊ ဟုတ်ပလားဗျာ၊ နေ့လယ် အလုပ်လုပ်တာနဲ့ မဆိုင်ဘူးနော် ၊ အိပ်ယာဝင်တို့ တရားမမှန့်လုံးသွင်းတဲ့အချိန်မှ သူက ကြားထိုးလာတတ်တယ် . . . . (မှန်လှပါဘုရား)။

ဘာမှမပေါ်ဘူးတဲ့၊ ဒီသမာဓိကလေး ဖမ်းပါတယ် တကယ်တမ်းလုပ်တဲ့အခါကျတော့မှ ဩော် . . . မဆိုင်တာကြီးများ ဝင်လာလိုက်သေးတယ်၊ အဲ့ဒါ သူ့အလိုလို ဝင်လာတာလား၊ ခင်ဗျားတို့က ကြံလို့ဝင်လာတာလား (ကြံလို့ဝင်လာတာပါဘုရား)။

## မြန်မြန်ဒုက္ခသစ္စာမြင်အောင်ရှု

ကြံလို့ဝင်လာတယ်၊ အဲ့ဒီကြံလုံးကလေးဟာ နူးညံ့လို့ မသိလိုက်ဘူး . . . (မှန်လှပါဘုရား)၊ အဲ့ဒီမသိလိုက်တဲ့ကြံလုံးကလေးကိုလည်း နောက်သိအောင် လုပ်ပြီးသကာလ ဒီကြံလုံးကလေး မဟုတ်တဲ့ဘက်ကြံပြီဆိုမှဖြင့် မြန်မြန်အနိစ္စ၊ မြန်မြန်ဒုက္ခ၊ မြန်မြန် အနတ္တ၊ မြန်မြန် ဒုက္ခသစ္စာဖြစ်အောင် ရှုပါ (မှန်လှပါဘုရား)၊ ဟုတ်ပြီလား။

## ကြံကောင်းတာ ကြံမိရင်မဂ်ရမယ်

ရုပ်နာမ်တွေပေါ်လာတဲ့အချိန်ကျလို့ရှိရင်ဖြင့် ဒါတွေဟာ ရုပ်ပဲ။ ဒါတွေဟာ နာမ်ပဲ၊ ဒါတွေဟာ ဖြစ်ပျက်ပဲလို့ ဖြစ်ပျက်ခမ္မမှတစ်ပါး ဘာမှမဟုတ်ဘူးလို့ ကြံနိုင်တဲ့ အကြံမျိုး ကျပြန် တော့လည်း အင်မတန်ကောင်း . . . (မှန်လှပါဘုရား)၊ ရိပ်မိ ကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မကြံကောင်းတာကို ကြံခဲ့လို့ရှိရင် ခင်ဗျားတို့ မျက်ရည်ရမယ်၊ အပါယ်ကျမယ်၊ ကြံကောင်းတာကြံမိလို့ရှိရင် မဂ်ရမယ်၊ အသေလွတ်မယ်၊ သဘောကျပြီလား . . . (သဘောကျပါပြီဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့ . . .

(သာဓု . . . . သာဓု . . . . သာဓု)